ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၄၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏စက်မှုကဏ္ဍ ၁၉၉၂-၉၃ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့်တိုးတက်လျက်ရှိ

လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့်စက်မှုလုပ်ငန်းများတိုးတက်ရေး ဦးစားပေးလုပ်ကိုင်

နိုင်ငံတော်၏လိုအပ်ချက်၊ မျှော်မှန်းချက်များ နားလည်ခံယူပြီးစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဝိုင်းဝန်းဖော်ဆောင်

ရန်ကုန် စက်တင်ဘာ ၁၃

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးစက်မှုဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊

စာမျက်နှာ ၈ ကော်လံ ၁ ●

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်အတွင်းရှိ Compressed Natural Gas (CNG)သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသောUD Group Factory အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်အတွင်းရှိ သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စားစက်ရုံများ တည်ဆောက်ရေးစီမံကိန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်

* နိုင်ငံတော်၏စက်မှုကဏ္ဍနှစ်စဉ်တိုးတက်မှုနှုန်းသည် ၁၉၉၂-၉၃ ခုနှစ်မှစ၍ အရှိန်အဟုန်ရှိရှိ တိုးတက်လျက်ရှိ၊
* စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို တစ်ပြိုင်တည်းတိုးတက်လာအောင် ဦးစားပေးလုပ်ကိုင်၊
* နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ အစွမ်းကုန် ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်လာအောင် ရုပ်ဝတ္ထုပစ္စည်း အပိုင်းအရရော၊ စိတ်ဓာတ်ရေးရာအပိုင်းအရပါ အားပေးသွားမည်၊
* နိုင်ငံတော်၏လိုအပ်ချက်၊ နိုင်ငံတော်၏မျှော်မှန်းချက်များအပေါ် မှန်မှန်ကန်ကန် နားလည်ခံယူပြီး မှန်ကန်သည့် လုပ်ကိုင်ဆောင်ရွက်မှုများဖြင့် ပုဂ္ဂလိကစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဖော်ဆောင်၊
* ပုဂ္ဂလိကစက်မှု လုပ်ငန်းပိုင်းသည် နိုင်ငံတော်၏စက်မှုကဏ္ဍ၌ အချိုးအစားအရ အများစုအဖြစ် နေရာရယူထား၊ ပုဂ္ဂလိကပိုင်း ဖွံ့ဖြိုးတိုးတက်မှသာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှာဖြစ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ထိန်းသိမ်းမြှင့်တင် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းလုပ်ဆောင်

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ကြိုးပမ်းလျှောက်လှမ်းလျက်ရှိသည်။ အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို စနစ်တကျ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရှေးဦးစွာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းစေရန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။

ဆက်လက်၍ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုးပွားခိုင်မာရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို ၁၉၈၉ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် မြို့ပြကွာဟမှုများ လျော့နည်းကျဆင်းကာ ဒေသအားလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခဲ့သည့်အပြင် မြစ်ကူးတံတားများဆောက်လုပ်ခြင်း၊ မော်တော်ကားလမ်းများ၊ ရထားလမ်းများ ဖောက်လုပ်ခြင်းတို့ကိုပါ ဖြည့်ဆည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်း ၅၅၀ ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းများကို တိုးတက်ကောင်းမွန်အောင် အဆင့်မြှင့်တင်ခဲ့ရာ ၁၅ နှစ်တာ ကာလအတွင်း မြေသားလမ်း ၃၅၈၃ မိုင် ၇ ဖာလုံ၊ ဂဝံလမ်း ၁၈၂၉ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၃၄၉ မိုင် ၄ ဖာလုံ ဖောက်လုပ်နိုင်ခဲ့သည်။ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ မူလတန်း ၆၄၄ ကျောင်း၊ အလယ်တန်း ၅၈ ကျောင်း၊ အထက်တန်း ၆၅ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နယ်စပ်ဒေသဆေးရုံ ၅၄ ရုံ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး တိုးတက်လာသဖြင့် လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာသည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများပါ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတော်က စနစ်တကျဖြည့်ဆည်းဆောင်ရွက်ခဲ့၍ အချိန်တိုကာလအတွင်း နယ်စပ်ဒေသများသည် မြို့ကြီးများနှင့်မခြား သွက်လက်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ယခုအခါ နယ်စပ်ဒေသများသည် ယခင်အခြေအနေများနှင့်လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်ရလဒ်များ ခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသ တိုးတက်ဖြစ်ထွန်းအောင်မြင်မှု အရှိန်အဟုန်ကို ထိန်းသိမ်းမြှင့်တင်ပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်ရေး လုပ်ငန်းများနှင့်အတူ ဒေသစီးပွားဖြစ်ထွန်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၉-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **သရုများ** (အရှေ့တိုင်း မြန်မာစာ၊ ဒသနိက၊ ရသ-ပထမနှစ်)
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း-၃၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၇)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဲခူး မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၃

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ်တောရ ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တိုင်တိုင် ဝိပဿနာတရားများ ဟောကြားပြသမည်ဖြစ်သည်။

စခန်းဝင်လိုသူ ယောဂီများသည် ပဲခူးတိုင်း အင်းတကော် ဆယ်မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာသို့ စက်တင်ဘာ ၂၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၇ ရက်) တနင်္လာနေ့ ညနေ ၃ နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။

စက်တင်ဘာ၂၁ရက် (တော်သလင်းလဆန်း ၈ ရက်) အင်္ဂါနေ့မှ စ၍ ၂၈ ရက် (တော်သလင်းလပြည့်နေ့) အင်္ဂါနေ့ နံနက် ၇ နာရီတွင် ရေစက်ချ စခန်းသိမ်းမည် ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားသည်။

(က-ပ)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား ရိပ်သာ(၁) လမ်း အမှတ် ၇၀ (အီး)နေ ဦးကိုကိုထူး ဒေါ်စန္ဒာအောင်၊သားလေး မောင်မင်းသီဟထူး၊ သမီးလေး မဆုသီရိထူး မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးအတွက် ဒုတိယအရစ် ငွေကျပ်သိန်း ၁၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လှူဒါန်း

စက်တင်ဘာ ၁၁ ရက်က စမ်းချောင်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၆) တွင် အသုံးပြုရန်အတွက် ကွန်ပျူတာတစ်လုံးလှူဒါန်းပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ အလှူရှင် ကျောင်းအကျိုးတော်ဆောင် ဦးအောင်ထိုက် (စိတ်တိုင်းကျ လက်ဖက်ရည်)က ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၉)

စက်တင်ဘာ ၁၀ ရက်က အာဟာရ ဖွံ့ဖြိုးရေးလှုပ်ရှားမှုရက် သတ္တပတ်အဖြစ် အမှတ် (၈) အခြေခံပညာ မူလတန်းကျောင်းသင်္ချိုင်းကျွန်းတွင်သူငယ်တန်း (Grade 1.°A) မှ မသက်ထားနှင်းဆီက အာဟာရအလှူ ကြက်သားဆန်ပြုတ်ကို ကျောင်းသူ ကျောင်းသားများအားကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က-ပ)

အလားအလာကောင်းများဖြစ်ထွန်းနေသော မြန်မာ့စီးပွားရေးအခြေအနေ

မိသားစုတစ်ခုကို အကြောင်းမဲ့ စီးပွားပျက်အောင်ဖန်တီးမှုဟာ ကောင်းသလား၊ မကောင်းဘူးလားဆိုတဲ့အဖြေကို လူတိုင်းသိပြီးသားပင် ဖြစ်ပါတယ်။ အဲဒီလို စီးပွားပျက်တဲ့ဆိုးကျိုးတွေကို ဘယ်လိုဆက်လက်ခံစားရမယ် ဆိုတာကိုလဲ စာနာနားလည်နိုင်ပါတယ်။ အလားတူပင် နိုင်ငံတစ်နိုင်ငံကို စီးပွားပျက်အောင် ပိတ်ဆို့အရေးယူမှုဟာ အပြုပိုင်းလား၊ အဖျက်ပိုင်းလား။ အဲဒီလိုပိတ်ဆို့ခံရတဲ့နိုင်ငံက ပြည်သူတွေ ဘယ်လိုခံစားရမယ်ဆိုတာကိုလဲ စာနာနားလည်နိုင်မယ် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုရင် ဘယ်ကစတင်လုပ်ရမလဲ။ စီးပွားရေးက စမလား၊နိုင်ငံရေးက စမလား၊ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းမှုရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်။ အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုနဲ့အတူသာ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ ယဉ်ကျေးမှု၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အနှေးနဲ့အမြန် လိုက်ပါပြောင်းလဲ တိုးတက်လေ့ရှိတယ်လို့ ဆိုပါတယ်။ ဒီတရားမှန်ကြောင်းကို ဒီကနေ့ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးက အထင်အရှား သက်သေပြလျက်ရှိပါတယ်။ စီးပွားရေးခြေလှမ်းမမြဲခင် နိုင်ငံရေးလွတ်လပ်မှုတွေကို ရှေ့တန်းတင်ဖွင့်ပေးခဲ့လို့ အချင်းချင်းသေကျေ သွေးအိုင်ထွန်းပြီး ဒုက္ခကြီးစွာ ကြုံခဲ့ရတဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်းအချို့ရဲ့ဖြစ်ရပ်တွေကိုတော့ အလေးအနက် သင်ခန်းစာယူရမယ် ဖြစ်ပါတယ်။

"အရင်းရှင်ထုတ်လုပ်ပုံရဲ့သမိုင်းပေးတာဝန်ဟာ လူ့အလုပ်ရဲ့ ထုတ်လုပ်မှုကို ပုံပြသချာနှုန်းအတိုင်း အချုပ်အချယ်မဲ့ တိုးတက်ဖြစ်ပေါ်ရေး ဖြစ်တယ်။ အရင်းရှင်ထုတ်လုပ်ရေးတရားဟာ ထုတ်လုပ်ပုံကို အမြဲတမ်းအသွင်ပြောင်းပစ်နေခြင်းနဲ့ ထုတ်လုပ်ရေးနှုန်းကို အချုပ်အချယ်မဲ့ တိုးပွားစေခြင်းဖြစ်တယ်"လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ အရင်းရှင်လူတန်းစားကို အခြေခံပြီး နိုင်ငံထူထောင်နေတဲ့အတွက် အံ့သြဖွယ်ရာ တိုးတက်ပြောင်းလဲနေတာ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ အရင်းရှင်စနစ်ထူထောင်ရေး လုပ်ငန်းများအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံအချို့က စီးပွားရေးပိတ်ဆို့ထားပါတယ်။ အကြောင်းပြချက်ကတော့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး တိုးတက်လာဖို့ ဖိအားပေးတယ်လို့ ဆိုပါတယ်။ **စီးပွားရေးကျဆင်းကျပ်တည်းပြီး စားဝတ်နေရေး မလုံလောက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဘယ်လိုမှ ဒီမိုကရေစီထွန်းကားလေ့မရှိပါ။ အခြေခံစားဝတ်နေရေး ဆင်းရဲကျပ်တည်းမှုလောက် လူ့အခွင့်အရေး ထိခိုက်တာဟာ ဘယ်အရာမှ မရှိနိုင်ပါဘူး။**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ပြုလုပ်ခဲ့တဲ့ အာဆီယံနဲ့တရုတ် ထိပ်သီးအစည်းအဝေးမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံထွက် ပို့ကုန်အချို့အပေါ် အကောက်ခွန် အထူးအခွင့်အရေးပေးဖို့ သဘောတူခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ မြန်မာနိုင်ငံထွက် ပို့ကုန်အမယ်(အမည်) ၁၁၀အပေါ်အကောက်ခွန်စည်းကြပ်မှုကို ၁-၁-၂၀၀၄ ရက်နေ့ကစပြီး သုညရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ လုပ်ရပ်ဟာ မြန်မာပြည်သူတွေကို ကယ်တင်တာမဟုတ်ဘဲ နှစ်မွန်းအောင်လုပ်နေတာသာ ဖြစ်ပါတယ်။ မြန်မာပြည်တွင်း နိုင်ငံရေးပြဿနာဆိုတာလဲ အမေရိကန်နိုင်ငံခြားရေးမူဝါဒကို ကိုယ်စားပြုတဲ့ စိတ်ကူးယဉ်ဒီမိုကရေစီ အင်အားစုများနဲ့ မိမိတို့မြန်မာလူမှုဘဝကို ကိုယ်စားပြုတဲ့ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီထူထောင်ရေးအပေါ် ကွဲလွဲမှုသာဖြစ်ပါတယ်။ အမေရိကန်ဟာ မြန်မာတစ်နိုင်ငံတည်းကိုသာမက အခြားသောကမ္ဘာ့နိုင်ငံများပေါ်တွင်လဲ နိုင့်ထက်စီးနင်းပြုကျင့်နေတာ ဖြစ်ပါတယ်။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင်လဲ အမေရိကန်ရဲ့ တစ်ဖက်သတ် ဗိုလ်ကျအနိုင်ကျင့်မှုတွေကို တွေ့နေရပါတယ်။ ဝါရှင်တန်အခြေစိုက် စီးပွားရေးနဲ့ မူဝါဒသုတေသနဆိုင်ရာ ဗဟိုဌာန(CEPR)ရဲ့ သုံးသပ်ချက်အရ ယခင်၁၀နှစ်၊ ၁၂နှစ်ခန့်က အတွေ့အကြုံအတိုင်း အမေရိကန်နိုင်ငံရဲ့ သွင်းကုန်များ ဆက်လက်တိုးတက်နေဦးမယ်လို့ ယူဆပြီး အမေရိကန်တို့နဲ့ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုကြလျှင် တစ်နေ့တွင် စိတ်ပျက်လက်ပျက်ဖြစ်စရာ အခြေအနေမျိုးနဲ့ ကြုံကြိုက်မယ်လို့ ဆိုပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဗဟိုအမေရိက လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (CAFTA) အမေရိကန်နိုင်ငံများရဲ့ လွတ်လပ်စွာကုန်သွယ်ရေး ဒေသစာချုပ်များကို ချုပ်ဆိုခဲ့ကြတယ်။ ဒီသဘောတူစာချုပ်တွေမှာ စီးပွားရေးကိစ္စတစ်ခုတည်းနဲ့သာ ပတ်သက်တာမဟုတ်ကြောင်း တွေ့ရပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံနဲ့ချုပ်ဆိုသော သဘောတူစာချုပ်တွင် စစ်ရေးနဲ့ အကြမ်းဖက်မှုဆန့်ကျင်

အောင်မိုးခံ

ရေး ပူးပေါင်းမှုကိစ္စများ အရှိန်မြှင့်တင်ရေးအတွက် နည်းလမ်းတစ်ခုအဖြစ်ပါ အသုံးပြုကြောင်း အတိအလင်းထုတ်ဖော်ထားတယ်လို့ ဆိုပါတယ်။ နိုင်ငံရေးရည်ရွယ်ချက်များအတွက်ပါ ချုပ်ဆိုထားခြင်းဖြစ်ပြီး အချုပ်အခြာအာဏာကို ထိပါးတဲ့ကိစ္စများ ပေါ်ပေါက်လာမှာကို စိုးရိမ်မကင်းဖြစ်နေကြတယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ပြုမူဆောင်ရွက်မိလျှင် ဒဏ်ကြေးငွေပေးရခြင်း၊ တိုက်ရိုက်နည်း၊ ဒါမှမဟုတ် သွယ်ဝိုက်သောနည်းဖြင့် စီးပွားရေးပိတ်ဆို့ခံရခြင်း၊ နိုင်ငံရေးပိတ်ဆို့ခံရခြင်းစတဲ့ ပြစ်ဒဏ်တွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်။ သဘောတူညီချက်များတွင် အမေရိကန်အစိုးရနဲ့ စီးပွားရေးလုပ်ငန်းရှင်များ အပေါ်စီးမိုးအခွင့်အရေးရနေပြီး တစ်ဖက်နိုင်ငံနဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးများကို ထိပါးစေရန် ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်များ ပါဝင်နေတတ်တယ်။

ပွင့်လင်းမှုရှိရေး(Transparency)ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး အနာဂတ်တွင် နိုင်ငံရေးအရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း အပြောင်းအလဲပြုလုပ်တဲ့အခါ အမေရိကန်အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတို့ရဲ့ အကျိုးစီးပွားကို ထိပါးနိုင်တဲ့ ကိစ္စများနဲ့ပတ်သက်ပြီး တိုင်ပင်ညှိနှိုင်းခြင်း၊ ထည့်သွင်းစဉ်းစားခြင်း ပြုလုပ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်များကိုလဲ စာချုပ်များတွင် ထည့်သွင်းထားတယ်။ သာမန်စီးပွားရေး လုပ်ထုံးလုပ်နည်းများမှ ကျော်လွန်နေတဲ့ အခါမျိုးတွင် အမေရိကန် ရင်းနှီးမြှုပ်နှံမှုနဲ့ အကျိုးအမြတ်တို့ကို ကာကွယ်စောင့်ရှောက်ပေးရေးကိုလဲ တောင်းဆိုတတ်ကြတယ်။ အမေရိကန် စီးပွားရေးလုပ်ငန်းများ မျှော်လင့်ထားတဲ့ ဝင်ငွေရရှိရေး၊ မရရှိပါက လျော်ကြေးပေးရေး၊ နိုင်ငံသားများနဲ့ တန်းတူညီမျှ အခွင့်အရေးပေးရေးဆိုတဲ့ အခွင့်အရေးတွေကိုလဲ ထည့်သွင်းတောင်းဆိုတတ်ကြတယ်။ ဝေါဟာရများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုဟာ ကျယ်ဝန်းလှတဲ့အတွက် ဘယ်အရာမဆို ထည့်သွင်းစဉ်းစားနိုင်သော အခြေအနေမျိုးနဲ့လဲ ရင်ဆိုင်ရတတ်တယ်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပြုရေးဆိုင်ရာတွင် ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ ဇီဝမျိုးကွဲကိစ္စများ ပါဝင်သွားနိုင်တယ် စတာတွေပါပဲ။

အခုလို အမေရိကန်တို့ရဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေး၊ လက်ဝါးကြီးအုပ် အမြတ်ထုတ် ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်များအပေါ် နိုင်ငံတကာက သတိထားကြဖို့ ဖြစ်ပါတယ်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားရာတွင် အခုလို ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မည်သူအားပေးသည်ဖြစ်စေ၊ ဆန့်ကျင်ပိတ်ဆို့သည်ဖြစ်စေ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုအင်ဆန္ဒနဲ့အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တစိုက်မတ်မတ် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့စရိုက်အခြေခံများနှင့် ဆီလျော်ညီညွတ်သော နည်းလမ်းများဖြင့် ဖော်ဆောင်သွားမည်ဖြစ်သည့်အတွက် ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း"။

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ဘယ်လိုပင်ပိတ်ဆို့အရေးယူသော်လဲ လက်ရှိ သုံးပွင့်ဆိုင် တုပြိုင်ပေါ်ထွန်းနေတဲ့ ကမ္ဘာ့အရင်းရှင်စနစ်ကြီးက တွဲခေါ်သွားမယ်သာဖြစ်ပါတယ်။ တစ်ချိန်ကလို ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက ရှေ့ဆောင်လွှမ်းမိုးနေချိန် မဟုတ်သလို အမေရိကန် တစ်နိုင်ငံတည်းလဲ လွှမ်းမိုးရှေ့ဆောင်နေချိန် မဟုတ်တော့ဘဲ ကမ္ဘာတွင် အမေရိကန်ရှေ့ဆောင်တဲ့ အုပ်စုရယ်၊ ဥရောပသမဂ္ဂဝင်နိုင်ငံများ အုပ်စုရယ်၊ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အာဆီယံနိုင်ငံများ အုပ်စုရယ်လို့ သုံးပွင့်ဆိုင် အရင်းရှင်အုပ်စုကြီးသုံးစု ပေါ်ထွန်းရပ်တည်လာနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ချင်း ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ+၃၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဘင်းမ်စတက်နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စီးပွားရေး၊ ကုန်သွယ်ရေး၊ ဆက်သွယ်ရေးနည်းပညာနဲ့ ယဉ်ကျေးမှုစတဲ့ နယ်ပယ်အသီးသီးမှာ တိုးမြှင့်ဆောင်ရွက်လာပြီ ဖြစ်ပါတယ်။ အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုများလဲ ပိုမိုကောင်းမွန်လာနေပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ၄-၁၁-၂၀၀၂ရက်နေ့ **ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ပြုလုပ်ခဲ့တဲ့ အာဆီယံနဲ့တရုတ် ထိပ်သီးအစည်းအဝေးမှာ တရုတ်နိုင်ငံက မြန်မာနိုင်ငံထွက် ပို့ကုန်အချို့အပေါ် အကောက်ခွန် အထူးအခွင့်အရေးပေးဖို့ သဘောတူခဲ့ပါတယ်။ ဒီသဘောတူညီချက်အရ မြန်မာနိုင်ငံထွက် ပို့ကုန်အမယ် (အမည်) ၁၁၀ အပေါ် အကောက်ခွန် စည်းကြပ်မှုကို ၁-၁-၂၀၀၄ရက်နေ့ကစပြီး သုညရာခိုင်နှုန်းသို့လျှော့ချပေးခဲ့ပြီးဖြစ်ပါတယ်။** တရုတ်နိုင်ငံက အဲဒီလို တစ်ဖက်သတ်ပေးတဲ့ အခွန်ကင်းလွတ်ခွင့် ကုန်စည်အမယ်(အမည်)၁၁၀မှာ ၁၀၇မျိုးဟာ လယ်ယာလုပ်ငန်းနဲ့ စပ်ဆိုင်တဲ့ ကုန်စည်တွေဖြစ်ပြီး အခြားသုံးမျိုးကတော့ အထည်အလိပ်လုပ်ငန်းနဲ့ဆိုင်တဲ့ ကုန်စည်တွေဖြစ်တယ်။ ဒါကြောင့် ဒီအခွင့်အလမ်းတွေကို အသုံးပြုပြီး မြန်မာလုပ်ငန်းရှင်တွေ တရုတ်နိုင်ငံသို့ ပို့ကုန်တွေ တိုးမြှင့်နိုင်ပြီ ဖြစ်ပါတယ်။ အလားတူပင် အခြားသော ကုန်သွယ်ဖက်နိုင်ငံများရဲ့ ဈေးကွက်များနဲ့လဲ တစ်ဆက်တစ်စပ်တည်း ဖြစ်လာတဲ့အတွက် ဝယ်လိုအားနဲ့ ရောင်းလိုအားတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ၊ အခြားသော အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေလဲ ဖွံ့ဖြိုးစည်ပင်လာပြီဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့စီးပွားရေး အခြေအနေဟာ အခုလို အလားအလာကောင်းများ ဖြစ်ထွန်းနေကြောင်းကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

အင်းစိန်မြို့နယ် အမှတ် (၃၆) အခြေခံပညာမူလတန်းကျောင်းမိဘ ဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရင်က စတုတ္ထတန်း ပထမဆုရ မောင်ပြည့်ဖြိုးသိန်း အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကြီးကြပ် ဆောင်ရွက်ပေး

စက်တင်ဘာ ၆ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်းတွင် အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် ဗီတာမင်အေဆေးများ တိုက်ကျွေးရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမူနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက် ပေးကြစဉ်။ (က-ပ)

လက်နက်ပိတ်ပင်တားမြစ်ချက်ဥပဒေအသစ် ပြဋ္ဌာန်းရန် ဘုရှ်မလုပ်ဆောင်နိုင်မှု

အကြမ်းဖက်သမားတို့ လက်နက်ရရေးလွယ်ကူအောင် ဖန်တီးပေးရာရောက်

စိန့်လူဝစ် စက်တင်ဘာ ၁၁

တိုက်ခိုက်ရေးလက်နက်များ ကိုင်ဆောင်ခြင်းအပေါ် ပိတ်ပင်တားမြစ်မှုကို အသစ်ပြန်လည်ပြဋ္ဌာန်းရန် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က မလုပ်ဆောင်နိုင်ခြင်းသည် ထိုလူသတ်လက်နက်များ အကြမ်းဖက်သမားတို့ ရရန်အတွက် လွယ်ကူအောင် ဖန်တီးပေးရာရောက်ကြောင်း ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီက သောကြာနေ့၌ ပြောကြားလိုက်သည်။

ဂျွန်ကယ်ရီသည် မစ်ဆူရီပြည်နယ်၌ မဲဆွယ်စည်းရုံးသည့်အခါ အမေရိကန်နိုင်ငံသားများကို လက်နက်ကိုင်ဆောင်ခွင့်ပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ထားသည့် ဒုတိယဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိဆိုလျှင် မည်သည့်အခါမျှ ပြောင်းလဲဖို့ ကြိုးပမ်းမည်မဟုတ်ကြောင်း သန္နိဋ္ဌာန်ပြုသည်ဟု ပြောကြားခဲ့သည်။

မစီစဉ်ခဲ့

၁၉၉၄ခုနှစ်၌ ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည့် ၁၀နှစ်ကြာ တိုက်ခိုက်ရေးလက်နက်ကိုင်ဆောင်ခွင့် ပိတ်ပင်တားမြစ်ချက်သည် တနင်္လာနေ့၌ ကုန်ဆုံးခဲ့ပြီး ကွန်ဂရက်ဥပဒေကလည်း ထိုပိတ်ပင်တားမြစ်ချက်ဥပဒေကို တိုးချဲ့ရန် မစီစဉ်ခဲ့ချေ။

အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ပွဲဟုပြောပြီး အမေရိကန်နိုင်ငံသားများအား ကြောက်လန့်အောင် လုပ်နေသော ဘုရှ်နှင့် အခြားသူများကို ကယ်ရီက မဲဆွယ်စည်းရုံးပွဲ၌ ပြစ်တင်ပြောဆိုခဲ့သည်။ ဒုတိယသမ္မတ ဒစ်ချေနီက အကယ်၍ ဒီမိုကရက်တစ်တို့ အရွေးခံရလျှင် အမေရိကန်ပြည်ထောင်စုသည် ၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုမျိုး နောက်ထပ်ကြုံနိုင်သည်ဟု ယခုသီတင်းပတ်အတွင်း၌ ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သုံးနှစ်က အမေရိကန်ပြည်ထောင်စု တိုက်ခိုက်ခြင်းခံခဲ့ရာတွင် အပြစ်ရှိသည်ဆိုသော အယ်လ်ခိုင်ဒါအဖွဲ့အစည်းသည် သူ၏နောက်လိုက်များအား အမေရိကန်သို့လာပြီး တိုက်ခိုက်ရေးလက်နက်များ ဝယ်ကြရန် ကြေညာချက်ထုတ်ထားကြောင်း ၉/၁၁ ကော်မရှင်ကို ရည်ညွှန်းလျက် ကယ်ရီက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ လက်ဘနွန်သုံးဦး လက်နက်ကိုင် ပြောက်ကျားအုပ်စု၏ သတ်ဖြတ်ခြင်းခံရ

ပေကျင်း စက်တင်ဘာ ၁၁

အီရတ်တွင် လက်နက်ကိုင်ပြောက်ကျားအုပ်စုတစ်စုက လက်ဘနွန်နိုင်ငံသားသုံးဦးကိုသောကြာနေ့ကပစ်သတ်သွားခဲ့ကြကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ၎င်းတို့၏ ပစ်ခတ်မှုကြောင့် တစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

သေဆုံးသူသုံးဦးမှာ စီးပွားရေးလုပ်ကိုင်သူများဖြစ်ကြပြီး အီရတ်၌ အစားအစာ တင်ပို့ပေးသည့် လုပ်ငန်းကို လုပ်ကိုင်နေကြသူများဖြစ်ကြသည်ဟု ဆိုသည်။

လွန်ခဲ့သည့်နှစ်၌ စစ်ပွဲပြီးခဲ့ချိန်မှစပြီး ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ လက်ချက်ဖြင့် နိုင်ငံခြားသားများစွာ သေဆုံးခဲ့ကြရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဓားစာခံနှစ်ဦးလွတ်မြောက်ရေး အီတလီပြည်သူများ ဆန္ဒပြ

ရောမ စက်တင်ဘာ ၁၁

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ပြန်ပေးဆွဲထားခြင်းခံနေရသော အီတလီအမျိုးသမီးနှစ်ဦး ပြန်လည်လွတ်မြောက်လာရေးအတွက်တောင်းဆိုသည့် ဆန္ဒပြပွဲများကို အီတလီနိုင်ငံ ရောမမြို့၌ ပြည်သူထောင်ပေါင်းများစွာတို့က ဆက်လက်ပြုလုပ်လျက်ရှိသည်။ ၎င်းအီတလီအမျိုးသမီးနှစ်ဦးမှာ အီရတ်နိုင်ငံ ထောက်ပံ့ကယ်ဆယ်ရေးအဖွဲ့၊ အထူးသဖြင့် ကလေးငယ်များအတွက် ဆောင်ရွက်ပေးနေသည့် ကယ်ဆယ်ရေး ဝန်ထမ်းများဖြစ်ခြင်းကြောင့် အီတလီပြည်သူ ထောင်ပေါင်းများစွာတို့ အံ့ဩဒေါသထွက်ကြရပြီး ပြန်လည် လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဧပြီလကစပြီး အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော အီတလီလူမျိုး ခုနစ်ဦးတိတိရှိသွားပြီဖြစ်ပြီး နှစ်ဦးမှာသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ၎င်းတို့ အသက်ဘေးလုံခြုံမှုရရှိရန် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် အီတလီပြည်သူများက အီတလီဝန်ကြီးချုပ်ကို ပြစ်တင်ခဲ့ကြသော်လည်း ယခုအခါ ၎င်းတို့သည် ပြန်ပေးသမားများအား ဒေါသထွက်လျက်ရှိကြသည်။

ယခုအခါ ရောမမြို့၌ ရောက်ရှိနေသော အီရတ်ကြားဖြတ်သမ္မတသည် အီတလီဝန်ကြီးချုပ် ဘာလူစကိုနီနှင့် ယမန်နေ့က တွေ့ဆုံခဲ့ကြသည်။ ယခုတစ်ကြိမ်၌ ဓားစာခံလွတ်မြောက်ရေးအတွက် နိုင်ငံရေးသမားများ စည်းလုံးညီညွတ်လျက်ရှိလာကြပြီး ဓားစာခံဖြစ်ရပ်၏ထွက်ပေါ်လာမည့်နောက်ဆုံးရလဒ်ပေါ်မူတည်ပြီး စည်းလုံးမှုကာလမည်မျှကြာမည်ဆိုသည်ကို မသိနိုင်ကြောင်း ယခုကိစ္စနှင့်ပတ်သတ်ပြီး အစိုးရအနေဖြင့် နိုင်ငံရေးအမြတ် မထုတ်ရန် အီတလီပြည်သူများက ပြောကြားလျက် ရှိသည်။ **(စီအင်န်အင်န်)**

ပြန်ပေးဆွဲခံရသည့် အီတလီဓားစာခံနှစ်ဦး ကျန်းမာရေးအခြေအနေ သတင်းမရရှိ

အမ္မန် စက်တင်ဘာ ၁၁

အီရတ်၌ ပြန်ပေးဆွဲမှုများသည် ရက်စက်ကြမ်းကြုတ်ကြောင်း ခုချိန်အထိ ဓားစာခံနှစ်ဦး၏ ကျန်းမာရေးနှင့်ဆိုင်သော ယုံကြည်လောက်သည့် သတင်းမရရှိကြောင်း အီတလီအစိုးရအဖွဲ့ ဝန်ကြီးက ပြောကြားလိုက်သည်။

အီတလီအမျိုးသမီး ဓားစာခံနှစ်ဦး လွတ်မြောက်ရေး အာမခံချက်ရှိရန် အစစအရာရာ လုပ်ဆောင်မည်ဖြစ်ကြောင်းလည်း အမ္မန်၌အလည်ရောက်ရှိနေသည့် အီတလီနိုင်ငံခြားရေးရာ အစိုးရအဖွဲ့ဝန်ကြီး မာဂါရီတာဘိုနီဗာက သောကြာနေ့၌ ပြောကြားသည်။

မှတ်ချက်ပြု

ဂျော်ဒန်အစိုးရဝန်ကြီးနှင့် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာဆမာခိုဒါနှင့် ဆွေးနွေးအပြီး ပြုလုပ်သော သတင်းစာရှင်းပွဲ၌ သူမက ထိုသို့မှတ်ချက်ပြုပြောကြားသည်။

ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အာဆမာခိုဒါကလည်း ပြန်ပေးဆွဲမှုများ အထူးသဖြင့် အမျိုးသမီးများကို ပြန်ပေးဆွဲမှုအား ဂျော်ဒန်နိုင်ငံက ပြစ်တင်ရှုတ်ချကြောင်း ပြောဆိုသည်။

အီတလီ အစိုးရအဖွဲ့ဝန်ကြီးသည် ဂျော်ဒန်နိုင်ငံ အမ္မန်မြို့သို့ သောကြာနေ့မွန်းလွဲပိုင်း၌ ရောက်ရှိခဲ့သည်။အီတလီထောက်ပံ့ကယ်ဆယ်ရေး အလုပ်သမားနှစ်ဦး လွတ်မြောက်ရေးအာမခံချက်ရှိရန် သူမသည် အီဂျစ်၊ လက်ဘနွန်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာဆာရာမြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့်အာဖဂန်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင်များ၏ ဓာတ်ပုံများ နယူးယောက်၌ပြသ

နယူးယောက် စက်တင်ဘာ ၁၁

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် သေဆုံးခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်၏ဓာတ်ပုံများကို နယူးယောက်ရှိ ယူနီယံစကွဲယားပတ်ခ်၌ သောကြာနေ့က ပြည်သူလူထုအား ထုတ်ဖော်ပြသခဲ့သည်။

စီစဉ်ခဲ့

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ မြောက် သေဆုံးခဲ့ပြီးနောက် ရက်ပိုင်းအတွင်း စစ်မှုထမ်းဟောင်း နီကိုလပ်စ်ကိုဟင်က ထိုသို့စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခုခင်းကျင်းပြသမှု၏ နောက်ကွယ်၌ နိုင်ငံရေးမပါရှိကြောင်း၊ တပ်ဖွဲ့ဝင်များအကြောင်းသာ ဖော်ပြထားခြင်းဖြစ်ကြောင်း ကိုဟင်က ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

အကျဉ်းသားများအားနှိပ်စက်မှုဖြင့် ခုံရုံးတင်ခံရသော ကန်တပ်ဖွဲ့ဝင် ပြစ်မှုနှစ်မှုတွင် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆို

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အဘူဂါရိပ်အကျဉ်းစခန်း၌ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် ဆက်စပ်လျက် တရားစွဲဆိုထားခြင်းခံရသော အမေရိကန်စစ်ဘက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်က ၎င်းအားဘဂ္ဂဒက်ရှိ စစ်ခုံရုံးတွင်စွဲဆိုထားသော အမှုနှစ်မှု၌ အပြစ်ရှိကြောင်း စနေနေ့က ဝန်ခံထွက်ဆိုခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုတွင် ပူးပေါင်းကြံစည်ခဲ့ကြောင်းနှင့် မတရားနှိပ်စက်ခဲ့ကြောင်း စွပ်စွဲချက်များအပေါ် အပြစ်ရှိကြောင်း အမှတ် ၃၀၂ စစ်ထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင် အာမင်ဂျေခရစ်က ဝန်ခံထွက်ဆိုခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ၌ ရိုက်ကူးခဲ့သောဓာတ်ပုံတစ်ပုံတွင် ခရစ်နှင့် အခြားထောက်လှမ်းရေးတပ်ဖွဲ့ဝင်နှစ်ဦးအား အကျဉ်းသားများကိုစစ်ရဲများက ညှဉ်းပန်းနှိပ်စက်နေချိန်တွင် နောက်ဘက်၌ ရပ်လျက်ရှိကြသည်ကိုတွေ့ရသည်။

ကြံစည်မှု

အီရတ်အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်ရန် တပ်ဖွဲ့ဝင်များကို အမိန့်ပေးစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှုအား ဖုံးကွယ်ရန် စစ်ရဲအဖွဲ့နှင့် ပူးပေါင်းကြံစည်မှုတို့ဖြင့် ခရစ်အား တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ခရစ်သည် အကျဉ်းသားများအား ဝတ်လစ်စားလစ်ဖြင့် ကြမ်းပြင်၌ တွားသွားခိုင်းပြီး အကျဉ်းသားများကို ပေါင်းစည်းလက်ထိပ်ခတ်ခဲ့ကြောင်း အစိုးရရှေ့နေများက စွပ်စွဲထားသည်။ ခရစ်သည် ထောင်တစ်နှစ်အထိ ကျခံရနိုင်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စင်ကာပူနိုင်ငံ၏ ပုဂ္ဂလိကပညာရေး အရည်အသွေးတိုးမြှင့်ရန် မဟာဗျူဟာတစ်ရပ် စင်ကာပူအစိုးရက ထုတ်ပြန်ကြေညာ

စင်ကာပူ စက်တင်ဘာ ၁၂

နိုင်ငံတကာဆိုင်ရာ ပညာရေးနယ်ပယ်တွင် ပိုမိုစိတ်အားထက်သန်စွာ ယှဉ်ပြိုင်မှုဖြင့် စင်ကာပူနိုင်ငံသည် အဆင့်အတန်းမြင့်သော ပညာရေးအခြေခံမူဘောင်(အီးအီးအက်ဖ်)မှတစ်ဆင့် ယင်း၏ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများ (ပီအီးအို)အရည်အသွေးအား တိုးမြှင့်သွားမည့် မဟာဗျူဟာတစ်ရပ်ကို ကြာသပတေးနေ့က ကြေညာခဲ့သည်။

အီးအီးအက်ဖ် စတင်သည့် အခမ်းအနားတွင် စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှု(အီးဒီဘီ) ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာကိုခန်းဝါက ပညာရေးနယ်ပယ်တစ်လွှားတွင် အမြင့်ဆုံးအဆင့်ရရှိခြင်းဖြင့် ကမ္ဘာ့ဦးဆောင်ပညာရေးတွင် စင်ကာပူနိုင်ငံရှိမြဲရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာဆိုင်ရာတွင် ခိုင်မာသော စင်ကာပူ၏ ပညာရေးတည်ဆောက်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ယင်းသို့ဖြစ်စေရန် ပညာပေးသူများသည် အမြင့်ဆုံးပညာသင်ကြားရေးအဆင့်အတန်းနှင့် ကျောင်းသူကျောင်းသားများအား အကာအကွယ်ပေးမှုနှင့် စိုပြည် သာယာရေးတို့ကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဤသို့လုပ်ဆောင်ခြင်းဖြင့် စင်ကာပူနိုင်ငံအား နိုင်ငံတကာဆိုင်ရာ ကျောင်းသူကျောင်းသားများကို ပိုမိုဆွဲဆောင်ပေးရာ နေရာဖြစ်လာမည်ဖြစ်ကြောင်း မစ္စတာကိုခန်းဝါက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စကိုဒါကားများ ရှေ့နှစ်၌ တရုတ်ထုတ်လုပ်မည်

ပေကျင်း စက်တင်ဘာ ၁၂

တရုတ်နိုင်ငံတွင် လာမည့်နှစ်အတွင်း ဒေသထုတ်လုပ်မှုကို စတင်ရန် ပြင်ဆင်ထားကြောင်း စကိုဒါ ကားထုတ်လုပ်သည့် ချက်ကုမ္ပဏီက ကြေညာလိုက်သည်ဟု အိုရီရင်တယ်လ်မောနင်းပို့စ်သတင်းစာက သောကြာနေ့၌ ဖော်ပြလိုက်သည်။

ဂျာမနီဗောက်စ်ဝက်ဂွန် အုပ်စု၏ အစိတ်အပိုင်းဖြစ်သော အဆိုပါကား ထုတ်လုပ်ရေးကုမ္ပဏီသည် ယင်း၏ အကြီးမားဆုံး ပင်လယ်ရပ်ခြားကား စက်ရုံတည်နေရာကို တရုတ်နိုင်ငံ တောင်ပိုင်း ရှန်ကျင်းမြို့ကို ရွေးချယ်ထားသည်။

နံပါတ်တစ်

ယင်းကားစက်ရုံသည် အာရှတိုက်တွင်စကိုဒါကားကုမ္ပဏီ၏နံပါတ်တစ် ကား ဖြန့်ဖြူးရောင်းချရေးဌာန ဖြစ်လာမည်ဖြစ်ကြောင်း ရှန်ဟိုင်းအခြေစိုက် အိုရီရင်တယ်လ်မောနင်းပို့စ်သတင်းစာက ဖော်ပြသည်။

ပြင်ဆင်

တရုတ်နိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော ဗောက်စ်ဝက်ဂွန် ကားကုမ္ပဏီ၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌဝေါလ်တာဟာညက်က ဗောက်စ်ဝက်ဂွန် ကုမ္ပဏီသည် ဒေသကားထုတ်လုပ်ရေးလုပ်ငန်းကိုတက်ကြွစွာပြင်ဆင်လျက်ရှိကြောင်းနှင့် မကြာမီအနာဂတ်ကာလတွင် တရုတ်ပြည်သူများသည် ထိပ်တန်းအမျိုးအစား စကိုဒါကားများကို တွေ့မြင်ရတော့မည်ဟု မိမိမျှော်လင့်ကြောင်း ပြောကြားသည်။

သို့ရာတွင် မည်သည့်စကိုဒါကားပုံစံကိုထုတ်မည်၊ ကုမ္ပဏီက မည်မျှရင်းနှီးမြှုပ်နှံမည်ကိုမူ ပြောကြားခြင်းမပြုဟု ဆိုသည်။

ရှန်ကျင်းအခြေစိုက်စကိုဒါကားထုတ်လုပ်ရေးစက်ရုံ မြေနေရာအကျယ်အဝန်းမှာ စတုရန်းမီတာ ၁၀၀၀၀ရှိပြီး ကားဖြန့်ဖြူးရောင်းချရေး၊ ကားပစ္စည်းထောက်ပံ့ဖြည့်ဆည်းရေး၊ နည်းပညာအထောက်အပံ့၊ လေ့ကျင့်သင်ကြားရေးအပါအဝင်ဝန်ဆောင်မှုများပေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာပြပွဲတွင် လာရောက်ကြည့်ရှုသူများ နောက်ဆုံးပေါ် ကွန်ပျူတာများကို ကြည့်ရှုလေ့လာကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးဆိုင်ရာ အာဆီယံအစည်းအဝေး ထိုင်း၌ကျင်းပမည်

ဗန်ကောက် စက်တင်ဘာ ၁၂

ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်နှိမ်နင်းနိုင်သည့် ထိုးဆေးအသုံးပြုရေးနှင့်ပတ်သက်၍ အာဆီယံအစည်းအဝေးဆွေးနွေးပွဲကို ထိုင်းနိုင်ငံက နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ထိုင်းသတင်းဌာန (တီအင်န်အေ)က ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်လိုက်သည်။

တက်ရောက်မည်

အစည်းအဝေးကို နိုဝင်ဘာ ၂၅နှင့် ၂၆ရက်တွင်ကျင်းပမည်ဖြစ်ပြီး အာဆီယံ ၁၀နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အရာရှိများ အပြင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့မှ အဆင့်မြင့်အရာရှိများတက်ရောက်ကြမည်ဖြစ်သည်။

ကြက်၊ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးထိုးဆေးအသုံးပြုရေးသည် အဓိကဆွေးနွေးမည့်အကြောင်းအရာဖြစ်မည်ဖြစ်ကြောင်း ထိုင်းကျန်းမာရေးဝန်ကြီး ဆူဒါရက်ကီယူရာဖန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယား၏စီးပွားရေးနှင့် လူမှုရေးတိုးတက်စေရန် ဂျပန်နိုင်ငံက ကမ္ဘောဒီးယားကို ငွေပိုမိုထုတ်ချေးမည်

ဖနောင်ပင် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၅ သန်းထိ တိုးမြှင့်ချေးရန် ဂျပန်အစိုးရက ကြာသပတေးနေ့၌ ဆုံးဖြတ်ခဲ့သည်။

သဘောတူချက်စာချုပ် ချုပ်ဆိုပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ ဝန်ကြီးချုပ်ဟွန်ဆန်တက်ရောက်ပြီး စာချုပ်ကို ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟွန်နှင့် ဂျပန်သံအမတ်ကြီးတာကာဟာရှီဖုမီအာကီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒုတိယမြောက်

ချေးငွေဒေါ်လာ ၃၉ဒသမ ၂သန်းကို သီဟာနုဗီးလ် ဆိပ်ကမ်း တိုးချဲ့ရေးစီမံကိန်း၌ အသုံးပြုမည်ဖြစ်ကြောင်း ဂျပန်သံရုံးက ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည့် ဆိပ်ကမ်းတိုးချဲ့ရေးအတွက် ဂျပန်အစိုးရ၏ ယခုချေးငွေသည် ဒုတိယမြောက်ဖြစ်သည်။

၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်၌ ဂျပန်အစိုးရက ကမ္ဘောဒီးယားနိုင်ငံအား ပထမချေးငွေထုတ်ပေးခဲ့သည်။

အသုံးပြုမည်

ယခုချေးငွေအနက် ဒေါ်လာ ၄၅၀၀၀၀ကို ကျောင်းသုံးစာအုပ်များဖြန့်ဖြူးပေးသော ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ဝေရေးနှင့် ဖြန့်ဖြူးရေးဌာနသို့ ပုံနှိပ်ပစ္စည်းများထောက်ပံ့ရာတွင် အသုံးပြုမည်ဖြစ်သည်။

ချေးငွေများပြန်လည်ပေးဆပ်ရမည့်ကာလမှာဆိုင်းငံ့ကာလ၁၀နှစ်အပါအဝင် နှစ်၃၀ဖြစ်ပြီး အတိုးနှုန်းမှာတစ်နှစ်လျှင်သုညဒသမ၉ရာခိုင်နှုန်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟာဘင်မြို့ရှိ ဟာဖေမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံလုပ်ငန်းခွင်ကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံပါလီမန်များ အဖွဲ့အစည်းအဝေး ကမ္ဘောဒီးယားနိုင်ငံ လုံခြုံရေးဆောင်ရွက်ထား

ဖနောင်ပင် စက်တင်ဘာ ၁၁

စက်တင်ဘာ ၁၂ရက်နှင့် ၁၇ရက်ကြားတွင်ကျင်းပမည့် အာဆီယံပါလီမန်များအဖွဲ့ (အေအိုင်ပီအို)အစည်းအဝေးအတွက် ကမ္ဘောဒီးယားအစိုးရက ဖနောင်ပင်မြို့တွင် လုံခြုံရေးအထူးဆောင်ရွက်ထားသည်။

တာဝန်ယူမည်

တနင်္ဂနွေနေ့၌ အေအိုင်ပီအိုအစည်းအဝေး စတင်သည့်အခါ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အခြားနိုင်ငံများမှ ကိုယ်စားလှယ်၂၈၀ ကျော်၏ လုံခြုံရေးကို ဖနောင်ပင်မြို့၏ လမ်းမကြီးများ၌ ဖြန့်ချထားသော ရဲအရာရှိ ၁၆၀၀ ကျော်က တာဝန်ယူကြမည် ဖြစ်သည်။

လုံခြုံရေးဆောင်ရွက်

ဂျကာတာမြို့ရှိ ဩစတြေးလျသံရုံးကို ကြာသပတေးနေ့၌ ကားဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် ယခုကဲ့သို့ လုံခြုံရေး အထူးဆောင်ရွက်ခြင်း ဖြစ်သည်။

အန်ကောဝပ်ဘုရားကျောင်း

လုံခြုံရေးအထူးဆောင်ရွက်ထားရှိမှုကို ဖနောင်ပင်မြို့တော်၌ ဆောင်ရွက်ထားသကဲ့သို့ ကိုယ်စားလှယ်များ သွားရောက်လည်ပတ်ကြမည့် ကမ္ဘာ့ထင်ရှားသော အန်ကောဝပ်ဘုရားကျောင်းရှိရာ ဆီယင်ရစ်၌လည်း လုံခြုံရေးတင်းကျပ်ထားရှိသည်။ **အင်တာနက်၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏စီးပွားရေး ဖိလစ်ပိုင်ဖွင့်ပေးမည်

မနီလာ စက်တင်ဘာ ၁၃

ရှေ့နှစ်တွင်စတင်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးကို တစ်စိတ်တစ်ပိုင်းဖွင့်ပေးခြင်းဖြင့် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တို့အကြား လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူချက်အောက်တွင် စောစီးစွာအကျိုးဖြစ်ထွန်းမှု အစီအစဉ်၌ ပါဝင်ရန် ဖိလစ်ပိုင်နိုင်ငံက သဘောတူညီလိုက်ပြီဖြစ်သည်။ ယခုလအစောပိုင်း၌ သမ္မတအာရိုယို ပေကျင်းသို့ သွားရောက်ခဲ့ပြီးနောက် မိမိနှင့် တရုတ်ကုန်သွယ်ရေးဝန်ကြီး ဘိုစီလိုင်တို့ သဘောတူချက် ရရှိခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးဝန်ကြီး စီဆာပူရီဆီမာက သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

အဆိုပြုထားသော လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူချက်အရ အာဆီယံနိုင်ငံများမှ ပို့ကုန်များသည် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက်၏အကျိုးသက်ရောက်မှုမတိုင်မီ ဦးစားပေးအကောက်ခွန်နှုန်းထားကို ခံစားခွင့်ရရှိကြမည်ဖြစ်သည်။ **(အင်တာနက်)**

ပို့ချသောသဘောတရားများ လက်တွေ့နယ်ပယ်၌အကျိုးရှိရှိအသုံးချ အသင်းသူအသင်းသားများ အချိန်တိုင်း၌စည်းရုံးသူနှင့်တည်ဆောက်သူဖြစ်ရန်လို

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၄)ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ်(၁၅)ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများ ချီးမြှင့်ကာ သင်တန်းသားများအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် အသင်းသားအသင်းသူများအနေဖြင့်ဤသင်တန်းမှ ပို့ချလိုက်သောအခြေခံအကြောင်းအရာ၊ ဗဟုသုတများ၊ သဘောတရားများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချရန် လိုအပ်ကြောင်း၊ ဤသို့ထမ်းဆောင်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ အသင်းသူ အသင်းသားများ၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် အချိန်တိုင်းမှာ စည်းရုံးသူလည်းဖြစ်၊ တည်ဆောက်သူလည်းဖြစ်ရန်လိုကြောင်း၊ စည်းရုံးသူအနေဖြင့် မိမိကိုယ်ကိုစည်းရုံးရန်၊ မိမိရဲဘော် ရဲဘက် အသင်းသူ အသင်းသားများကို စည်းရုံးရန်နှင့် ပြည်သူလူထုကို စည်းရုံးရန်ဖြစ်ကြောင်း၊တည်ဆောက်သူအနေဖြင့် မိမိကိုယ်ကို တည်ဆောက်ရန်၊ မိမိ၏ ရဲဘော်ရဲဘက် အသင်းသူအသင်းသားများကို ဝိုင်းဝန်းကူညီ တည်ဆောက်ပေးရန်၊ အသင်းကြီးကိုတည်ဆောက်ရန်နှင့် နိုင်ငံတော်ကိုကျရာအခန်းကဏ္ဍမှ တည်ဆောက်ပေးရန်တို့ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်၌ ပြည်သူလူထုအား စည်းရုံးရာတွင်လည်း အသင်းနာယကကြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော သဘောတရား၊ လက်တွေ့နှင့် ပုဂ္ဂိုလ်ခင်မင်မှုတို့ဖြင့် ပေါင်းစပ်စည်းရုံးရေးဟူသော နည်းဗျူဟာအတိုင်း ကျင့်သုံးကြရန် လိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားပြီး သင်တန်းအမှတ်စဉ်(၁၄)မှ ထူးချွန်သူများအား ဆုများချီးမြှင့်သည်။

အဆိုပြုလွှာများပေးအပ်

ထို့နောက် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဆန်နီက အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ (ဗဟို)အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ (ဗဟို)အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းသားများအတွက် ဗလာစာအုပ်များကို မြို့နယ်အသင်း အတွင်းရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးတင်မောင်စိုးက ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဆန်နီက လက်ခံသည်။

ကျေးဇူးတင်စကား

ယင်းနောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးဆန်နီက သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၄) ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ်(၁၅) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗုဒ္ဓတရား အမှားမရှိ

* ကိုယ့်ကိုယ်ကိုသာ၊ အားကိုးရာဟု
မြတ်စွာဗုဒ္ဓ၊ ဂေါတမ၏
ဟောပြမိန့်မှာ၊ ဒေသနာကို
သေချာစွဲမှတ်၊ သတိချပ်လျက်
မပြတ်ပင်လျှင်၊ လုပ်ငန်းခွင်၌
အစဉ်လိုက်နာ၊ ကျင့်ကြံတာသည်
မြန်မာ ဒို့များ ဓလေ့တည်း။

* တစ်ဦးချင်းလျှင်၊ ဤစိတ်ဝင်လျက်
အိမ်ထောင်စုတွင်၊ ဤစိတ်ဝင်လျက်
ပြည်ထောင်စုတွင်၊ ဤစိတ်ဝင်လျက်
ကိုယ့်အင်ကိုယ့်အား၊ စွမ်းပကားဖြင့်
ဒို့များပြည်ရွာ၊ ငြိမ်းချမ်းသာအောင်
ဒို့စွမ်းဆောင်အံ့။

* ဗုဒ္ဓစကား၊ မြတ်တရားသည်
အမှားဘယ်ခါ၊ မရှိတာကို
မြန်မာဒို့များ၊ စွမ်းပကားဖြင့်
စံထားသက်သေ ဖြစ်စေအံ့။ ။

မိုး ဝ

နိုင်ငံတကာရုပ်ရှင်ပွဲတော်တက်ရောက်ရန် မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်သျှဟွေအမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ယဥ်ချွမ်းမြို့၌ စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တရုတ်ပြည် (၁၃)ကြိမ်မြောက် ရွှေကြက်ဖ-ပန်းတစ်ရာနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ခေါင်းဆောင်သော မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

လိုက်ပါသွား

မြန်မာရုပ်ရှင်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အဖွဲ့ဝင်များဖြစ်ကြသော ရုပ်ရှင်ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်သရုပ်ဆောင်နှင့် ထုတ်လုပ်သူ ဒေါ်မျိုးသန္တာထွန်းနှင့် ပြသမှုလုပ်ငန်းရှင်များအဖွဲ့မှ ဦးဇော်မင်းတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

သံလွင်နှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် စက်တင်ဘာ ၁၃

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်အချိန်၌ ၉၄ စင်တီမီတာ (သုံးပေခန့်) စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်အချိန်၌ ၁၀ စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

ပထမအကြိမ်လှူဒါန်းပွဲ (၁၇-၈-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း ၁၄၃၂၅ အုပ်၊ငွေ ကျပ် ၉၀၀၀၀
နှင့်
ဒုတိယအကြိမ် လှူဒါန်းပွဲ (၇-၉-၂၀၀၄) ရက်နေ့တွင် စာအုပ်၊စာစောင်ပေါင်း ၁၂၉၆၃၂ အုပ်၊ ငွေ ကျပ် ၁၅၄၄၀၀၀
လှူဒါန်းလက်ခံရရှိပါသည်။

လှူဒါန်းကြသည့်စေတနာရှင်များအား ပြန်ကြားရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါသည်။

တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် လှူဒါန်းပွဲကို မကြာမီဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

✡ *ကျောဖုံးမှ*

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ကျေးလက်ဖွံ့ဖြိုးရေး

အခမ်းအနားတွင် ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ၌ အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် မြို့ပြနှင့် ကျေးလက် ကွာဟမှု မရှိစေဘဲ ဟန်ချက်ညီ ဖွံ့ဖြိုး တိုးတက်လာအောင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ်ကို အောက်ဖော်ပြပါအတိုင်း ချမှတ်လမ်းညွှန်မှု ပြုခဲ့ကြောင်း။

(က) ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊
(ခ) ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊
(ဂ) ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊
(ဃ) ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့်
(င) ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ပင် ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၅ ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၅၉ ဖွဲ့တို့မှ မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စာရင်းကောက်ယူ

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေခက်ခဲသော အပူပိုင်းဒေသ တိုင်း သုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ကြောင်း၊ ထိုသို့ လမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များမှ ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေလုံလောက်စွာမရရှိသောကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသော ကျေးရွာပေါင်း ၈၀၄၂ရွာရှိပြီး အခြား ပြည်နယ်၊တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ ရွာ စုစုပေါင်း ၂၃၂၂၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန် အတွက် ဆောင်ရွက်ပေးရန်ရှိကြောင်း စာရင်းကောက်ယူရရှိခဲ့ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်းအတွက် ငွေကျပ် ၃၂၁၁ဒသမ၆၁သန်း၊ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၇၂၁ဒသမ၀၂သန်း၊ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၉၁၁ဒသမ၉၄သန်းသုံးစွဲခဲ့ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေကျပ် ၈၃၇၁ဒသမ၁၉သန်း သုံးစွဲရန် လျာထားပြီးဖြစ်ကြောင်း၊ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ၈၀၄၂ ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ၄၉၀၇ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၆၁ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြားပြည်နယ်၊ တိုင်း ၁၄ခုရှိ ၁၅၁၈၃ရွာအနက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ၅၆၉၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့သဖြင့် ၃၈ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း။

စေတနာရှင်များ ပူးပေါင်းပါဝင်လာသဖြင့် ကျေးလက်ရေပေးရေး လုပ်ငန်းများ အရှိန်အဟုန်ရလာပြီဖြစ်ရာ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများကို တင်ပြရလျှင် ပထမအကြိမ်မှ သတ္တမအကြိမ်အထိ စုစုပေါင်း အလှူရှင် ၁၀၃၉ဦးတို့က ငွေကျပ် ၈၁၂၁ဒသမ၈၀၃၈သိန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ ယူရိုငွေ ၂၇၀ နှင့် FEC ၁၀၀၁၂ တို့ဖြစ်ကြောင်း၊ ယင်းလှူဒါန်းငွေများဖြင့် စက်ရေတွင်း စုစုပေါင်း ၁၄၀၉တွင်း တူးဖော်ပေးခဲ့ပါကြောင်း။

ယခုအဋ္ဌမအကြိမ်တွင် အလှူရှင် ၁၆၃ ဦးမှ ငွေကျပ် ၁၂၀၃ ဒသမ ၅၂၀၃၀ သိန်း၊ အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ယူရို ၅၀၀ ဖြစ်ကြောင်း ကြိုတင်ပေးထားသည့် စာရင်းများအရ သိရှိရကြောင်း၊ ၎င်းအလှူငွေများမှ ကျေးရွာ ၈၀ တွင် ကျပ်သိန်း ၇၀၈ ဒသမ၃၁၈၅ဖြင့်စက်ရေတွင်း တွင်း ၈၀ အား ကြိုတင်တူးဖော်ဆောင်ရွက်လျက်ရှိရာ ၃၁ တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှလည်း ကျေးလက် ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ထိုဆောင်ရွက်မှုအခြေအနေကို တင်ပြရပါက ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA) မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စက်ရေတွင်းပေါင်း ၂၅၀ အား ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအချိန်အထိ စက်ရေတွင်းပေါင်း ၁၁၄ တွင်း တူးဖော်ပြီးစီးပြီးဖြစ်ကြောင်း၊အပူပိုင်းဒေသ သောက်သုံးရေရရှိရေးအတွက်လည်း မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက် ၂၂ တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

အာရှ-ဂျပန် ပေါင်းကူးအဖွဲ့ Bridge Asia Japan(BAJ)မှ ပုဂံ-ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၀၁-၂၀၀၂မှ ယခုအချိန်ထိ စက်ရေတွင်း တွင်းနက်ပေါင်း ၆၀ကို တူးဖော်ပေးခဲ့ကြောင်း။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ယခုအချိန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၁ခုအား ဆောင်ရွက်ပေးခဲ့ကြောင်း။

လှူဒါန်းနိုင်

တိုင်းသုံးတိုင်းရှိတူးဖော်ပြီးသော စက်ရေတွင်းများတွင် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများမှ လှူဒါန်းငွေ၊ အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်ကုန်အထိ ကျေးရွာပေါင်း ၄၉၀၇ရွာတွင် တွင်းတိမ်၊ တွင်းနက်စုစုပေါင်း ၆၁၄၉တွင်း တူးဖော်ပြီးစီးပြီးဖြစ်သည့် အတွက် ဆက်လက် တူးဖော်ရန် ပေ ၄၀၀ အထက် တွင်းနက်များသာ အများဆုံး ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အချို့အလှူရှင်များအနေဖြင့် တွင်းနက်များ တူးဖော်နိုင်ရေးအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းပေးနိုင်ပါရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်း။

ကျေးလက်ရေရရှိရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းအတွင်း ချောင်းဦးမြို့နယ်နှင့် မြင်းမူမြို့နယ်၊ မကွေးတိုင်းအတွင်း တောင်တွင်းကြီးမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် အောင်လံမြို့နယ်၊ မန္တလေးတိုင်းအတွင်း မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြင်းခြံမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်ပါကြောင်း၊ ဖော်ပြပါ မြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်သော်လည်း နေ့စဉ်တိုးတက်လာသော လူဦးရေနှင့်အညီ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စက်ရေတွင်းဖွင့်ပေးခဲ့

ထို့အတူ မကြာမီကာလ အတောအတွင်း စစ်ကိုင်းတိုင်း၌ ကသာမြို့နယ်၊ ကောလင်းမြို့နယ်၊ ခင်ဦးမြို့နယ်၊ မြောင်းမြို့နယ်နှင့် တမူးမြို့နယ်၊ မကွေးတိုင်း၌ ပွင့်ဖြူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ကံမမြို့နယ်နှင့် မင်းတုန်းမြို့နယ်၊ မန္တလေးတိုင်း၌ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်များတွင်လည်း မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်း၊ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများတူးဖော်ပေးပြီး ကမ္ပည်းကျောက်စာများရေးထိုးပေးခဲ့ကြောင်း၊ စက်ရေတွင်းဖွင့်ပွဲများလည်း ကျင်းပခဲ့ကြောင်း။

အလှူရှင်များ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ရှိ ဝန်ထမ်းများမှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လှူဒါန်းခဲ့သော စက်ရေတွင်းများ ရာသက်ပန် အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းများကိုလည်း ကျေးလက်ဒေသရှိ ပြည်သူများနှင့် ပူးပေါင်း၍ စေတနာမေတ္တာအပြည့်အဝဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူကုမ္ပဏီများက ငွေကျပ်၁၄၆၀၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၉၃၂၅၅၉၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅၀၀၀၀၀၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအဖွဲ့က ငွေကျပ် ၂၅၀၀၀၀၀၊ Mrs.Daisy Murison and Family and Friends Chicago; USA က ငွေကျပ် ၁၃၀၀၀၀၀နှင့် အလုပ်သမားဝန်ကြီးဌာနက ငွေကျပ် ၁၂၈၀၀၀၀ တို့ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နေ Mr. Lucien Glauser နှင့် ဇနီး ဒေါ်ခင်ခင်နု သားသမီး မြေးတစ်စုက အမေရိကန် ဒေါ်လာ၅၀၀၊ တိပိဋကရေဘဒ္ဒန္တ ဣန္ဒာစရိယအား အမှူးထား၍ ကွယ်လွန်သူသားကြီး ကိုကျော်လွင်ဦး၊ သားငယ် ကိုအောင်ကျော်ဇေယျတို့အား ရည်စူး၍ ဦးကျော်ဟိုး-ဒေါ်သင်းရီ (မိဘမေတ္တာဆေးဆိုင်၊ ကြည့်မြင်တိုင် ညဈေး) သားသမီး မြေးတစ်စုက ငွေကျပ် ၁၂၅၀၀၀၀၊ ဦးထွန်းကြည်-(ဒေါ်ကြင်သိန်း) တို့က ငွေကျပ်၁၀၃၆၃၅၀၊ ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း) ဇနီး ဒေါ်သိန်းသိန်းစံ သားသမီးမြေးမြစ်တို့က ငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးမိသားစုက ငွေကျပ် ၅၀၀၀၀၀နှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဇနီးဒေါ်မြသီဂီ မိသားစုက ငွေကျပ်၅၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းအား အမှူးထား၍ တပ်မတော်(ရေ)အရာရှိစစ်သည်များက ငွေကျပ် ၅၀၀၀၀၀၊ ဦးခင်သောင်းအားရည်စူး၍ ဒေါ်ခင်ဆွေ သားသမီးမြေးတစ်စု၊ ဦးမြတ်မင်းနှင့် ဇနီးဒေါ်စောမြိုင်၊ သားမောင်စောမင်းနိုင် မိသားစု၊ ဂရိန်းထရေးဒင်း ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဒါဝုဒ်မြ (Dawood Mya)၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်း မြသီတာရပ်ကွက် ရတနာ ၂လမ်း ခြံအမှတ်၂ နေ ဦးစိန်အောင်မင်း(ခ)ဦးမြသောင်းနှင့် နှစ်ဖက်သောမိဘများအမှူးထား၍ ဦးထိန်ဝင်း-ဒေါ်သက်သက်ညွန့်၊ သားကြီး မင်းသက်ထိန်၊ သားငယ် ဇွဲညီညီ၊ သမီး ခင်စုလှိုင်မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀၀စီနှင့် ဦးစိုးမင်း (M.A, USA)အား ရည်စူး၍ ဇနီး ဒေါ်အေးအေးကြူနှင့် သား ကိုအောင်ကျော်စိုး (တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ)-မနွယ်နွယ်အေး၊ သား ကိုဉာဏ်လင်းစိုး-မခင်မာကျော်၊ မြေး စိုးမွန်နွယ်၊ သောင်းဟိန်းစိုးမိသားစုက ငွေကျပ် ၉၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာထံ ကွယ်လွန်သူ အဘွားဒေါ်လှရှင် ကောင်းမှု၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးခင်စိုး-ဒေါ်ဥမ္မာအောင် မိသားစု၊ ဦးစိုင်းအောင်ပွင့်-ဒေါ်ခင်နန်းဝေ၊ သား စိုင်းဇော်၊ စိုင်းအောင်သန့်မိသားစု၊ ဟာဂျီမဒေါ်ခင်ရီ အသက်၈၀ပြည့် မွေးနေ့ ဟာဂျီမဒေါ်ခင်ရီနှင့် သားသမီးတစ်စု၊ ဖခင်စာရေးဆရာဦးသော်တာဆွေ-မိခင်ဒေါ်နော်မာတို့အားရည်စူး၍ ပါရမီရိပ်သာ ရန်ကုန်မြို့နေ ဦးကျော်လင်း-ဒေါ်သန်းသန်းဆွေ၊ သား မောင်လင်းဆက်ပိုင်မိသားစု၊ ဦးရွှေအေး-ဒေါ်လှိုင်လှိုင်မိုး၊ သား မောင်ကျော်ဇောထွန်း၊ သမီးကြီး မသွန်းနှင်းလှိုင်၊ သမီးငယ် မသက်နှင်းနှင်းရွှေမိသားစုနှင့် ဦးခင်မောင်ကြီး-ဒေါ်ခင်တင့်တင့်အားရည်စူး၍ ဦးမင်းသိုက်၊ ဦးစိုးသိုက်၊ ဦးအေးသိုက်၊ ဦးအောင်သိုက်၊ ဒေါ်သဇင်သိုက်၊ ဒေါ်မိုးမိုးသိုက်နှင့် မြေးတစ်စုတို့က ငွေကျပ်၇၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ကွယ်လွန်သူဦးဟုတ်ခွန်-ဒေါ်သောင်း (မအူပင်)တို့အား ရည်စူး၍ သား ဦးစိန်ဝမ်း-ဒေါ်မွှေးမွှေးမိသားစုက ငွေကျပ်၇၅၀၀၀၀၊ ဗိုလ်မှူးကြီးမင်းနောင်အားရည်စူး၍ ဇနီးဒေါ်ခင်လှလှ သားသမီးမြေးတစ်စုက ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်သန်း-ဒေါ်တင်မာမြင့်၊ သမီး မသဇင်မြင့်၊ သား မောင်မြင့်ဟန်၊ မောင်ငွေဆယ်မောင် မိသားစုက ငွေကျပ်၅၃၀၀၀၀၊ မိဘနှစ်ပါးနှင့် ညီမဒေါ်ခင်ခင်မြင့်တို့အားရည်စူး၍ ဗိုလ်မှူးကြီးတင်မောင်မြင့်၊ဇနီး ဗိုလ်ကြီး ဒေါ်သန်းသန်းမြင့်မိသားစု၊ ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်တင်ဌေးလှိုင်မိသားစု၊ ဦးဝင်းဆွေ-သီဟသုခမ္ဘသိင် ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး) မိသားစုနှင့် ဗိုလ်မှူးကြီး အေးမောင် (ငြိမ်း)၏ဇနီး ဒေါ်တင်တင်ဦး သားသမီးမြေးများတစ်စုတို့က ငွေကျပ် ၅၀၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ကွယ်လွန်သူ ဗိုလ်နန်းအေးအေးဝင်း (ငြိမ်း)အားရည်စူး၍ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်(ငြိမ်း)-ဒေါ်နန်းငွေလှ မိသားစု၊ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါ်သန်းသန်းဆင့်နှင့် သတ္တဗေဒမိသားစု၊ ဗိုလ်မှူးညွန့်အောင်(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ ဦးစိုင်းထွန်းရင်ဦး-မသန်းသန်းရီ 'ဝ'အထူးဒေသ(၂) ပန်ဆန်း၊ ပန်ခန်း ကုမ္ပဏီလီမိတက်၊ ကွယ်လွန်သူ သမီးဒေါ်နွဲ့နွဲ့ဝင်းအားရည်စူး၍ ဦးအုန်းမောင်၊ ဒေါ်လှလှ၊ ကွယ်လွန်သူ ဒေါ်လှကျင်အားရည်စူး၍ ဦးစိန်ကောက်-ဒေါ်တင်ကြည် (ရတနာထွန်း)သားသမီးမြေးတစ်စုနှင့် ဦးကျင်သိန်း-ဒေါ်သန်းသန်းရီမိသားစုတို့က ငွေကျပ် ၅၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

စာမျက်နှာ ၉ ကော်လံ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအဖွဲ့၏ လှူဒါန်းငွေကျပ် ၂၅၀၀၀၀၀ ကို လက်ခံယူစဉ်။ (သတင်းစဉ်)

စက်မှုဇုန်သုံးဇုန်၌ ခေတ်မီသံထည်ပစ္စည်းသုံး စက်ရုံ၊အလုပ်ရုံများ ထူထောင်နိုင်ရန်ဦးဆောင်အားပေးနေ
ပုဂ္ဂလိကသံထည်ပစ္စည်းကိုင်တွယ်သုံးစွဲမှု အရည်အသွေးအဆင့်အတန်းမြင့်မားလာစေမည်

အမှာစကားပြောကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမတွင် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

● **ရွှေဖုံးမှ**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မြန်မာ့လေကြောင်း ခရီးစဉ်ဖြင့် ရောက်ရှိပြီး ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိ သူများလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးစက်မှုဇုန်သို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ မန္တလေး စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်အတွင်းရှိ စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းတွင် ပါဝင်သည့် သံရည်ကျိုစက်ရုံ၊ သံပုံဖိ၊ သံခုတ်စားစက်ရုံများ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်း ခန်းမ၌ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးစက်မှုဇုန်အတွင်း မြေ ၁၃ ဒသမ ၂၂ ဧကပေါ်တွင် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံဖိနှင့် သံခုတ်စားအလုပ်ရုံများ တည်ဆောက်နေမှုအခြေအနေ၊ နိုင်ငံခြားမှ စက်ပစ္စည်း များ ရောက်ရှိတပ်ဆင်ပြီးပါက လည်ပတ်နိုင်ရေးအတွက် ပညာရှင်များလေ့ကျင့် စုဆောင်းထားရှိမှု၊ တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ် တွန်းအားပေးဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဖွဲ့၍ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ငွေကြေးလည်ပတ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံအလုပ်ရုံများကို တာဝန်ယူဆောက်လုပ်နေသော ချမ်းဟိန်းဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ခံ ဦးကျော်ဟိန်းက တည်ဆောက်သွားမည့် စက်ရုံ အလုပ်ရုံအလိုက် ဗိသုကာ ဒီဇိုင်းပုံစံများ၊ အလုပ်ရုံအလိုက် ဆောက်လုပ်နေမှုအခြေအနေများကို ရုပ်ပုံကားချပ်တို့နှင့်တကွ ရှင်းလင်း တင်ပြသည်။

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကျော်ကလည်း နိုင်ငံခြားမှ ရောက်ရှိလာမည့် စက်ပစ္စည်း များကို တည်ဆောက်နေသော စက်ရုံအလုပ်ရုံများသို့ အမြန်ဆုံးသယ်ပို့ရေး စီမံထားရှိမှုကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သံထည် ပစ္စည်း ကျိုချက်ကိုင်တွယ်သည့်အလုပ်ရုံများကို အချိန်မီပြီးစီးရေး၊ ငွေကြေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်ရှိ ကနောင်ခန်းမတွင် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အရင်းအနှီးလုံလောက်စွာ စုဆောင်းထားရှိရေးကိစ္စများကို မှာကြားပြီး Machine Shop˚(1), Machine Shop(2), Forging Shop & Heat Theatment, Foundry Shopနှင့် Ware Houseစသည့် စက်ရုံအလုပ်ရုံများ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပုဂ္ဂလိကအားပေး

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်Compress Natural Gas (CNG) သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသည့်UD Group Factory အလုပ်ရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲသုံးစွဲရာ၌ လိုအပ်သော အစိတ်အပိုင်းများ၊ မန္တလေးစက်မှုဇုန်က တီထွင်ထုတ်လုပ်ပေးနိုင်သော စက်ပစ္စည်းအစိတ်အပိုင်းများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနပံ့ပိုးမှုဖြင့် ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ ဓာတ်ငွေ့အိုးများကို ကြည့်ရှုစစ်ဆေး၍ ပုဂ္ဂလိကပိုင်း၏ တီထွင်ကြိုးစားနေမှုကို အားပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒီဇယ်ဆီသုံးအင်ဂျင်နှင့် ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ အချိုးကျပေါင်းစပ်သုံးအင်ဂျင်တို့၏ ဒီဇယ်ဆီသုံးစွဲမှုနှိုင်းယှဉ်ချက် လက်တွေ့ပြသမှုတို့ကိုလည်းကောင်း၊ UD Group၊ မန္တလေးစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီနှင့် Man Star Group တို့က ထုတ်လုပ်ထားသည့် Light Truck၊ ဘတ်စ်ကား၊ ကုန်တင်ကားကြီးများ၌ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ စမ်းသပ်တပ်ဆင်ထားမှုတို့ကိုလည်းကောင်း အသေးစိတ် လှည့်လည်ကြည့်ရှုကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အင်ဂျင်

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

တပ်ဆင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကနောင်စက်မှုဇုန်ခန်းမ၌ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စက်မှုဇုန်မှလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က မန္တလေးစက်မှုဇုန်၏ အကျယ်အဝန်း၊ လုပ်ငန်းရှင် ၁၄၀၀ခန့်ကို နေရာချထားပြီး လုပ်ကိုင်ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်းအမျိုးအစားများ၊ လက်တွန်းထွန်စက်များ ထုတ်လုပ်မှုအခြေအနေ၊ ဘတ်စ်ကား၊ ကုန်တင်ကားများ စတင်ထုတ်လုပ်လျက်ရှိသည့်အခြေအနေ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲသုံးစွဲရာ၌ မန္တလေးစက်မှုဇုန်က ပါဝင်အထောက်အကူပြုမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)က ရှင်းလင်းပြောကြားရာ၌ မန္တလေးစက်မှုဇုန်တွင် သံရည်ကျို၊ ပုံဖို၊ ပုံလောင်း စသည့် ခေတ်မီသံထည်လုပ်ငန်းအလုပ်ရုံများကို အချိန်မီပြီးစီးအောင် ကြိုးစားပမ်းစားတည်ဆောက်နေသည်ကို လည်းကောင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး သမားရိုးကျ မော်တော်ယာဉ်အင်ဂျင်များကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲရာ၌ ပုဂ္ဂလိကအပိုင်း၏ စမ်းသပ်တီထွင်လုပ်ကိုင်နေမှုများကိုလည်းကောင်း မြင်တွေ့ရသဖြင့် များစွာအားရမိပါကြောင်း။

တီထွင်မှုနှင့်ညီညွတ်မှုအားပြု

မန္တလေးစက်မှုဇုန်သည် ဧကတစ်ထောင်ခန့်ကျယ်ဝန်းပြီး လုပ်ငန်းရှင်ပေါင်း ၁၄၀၀ နီးပါးခန့်ကို စုစည်းထားရှိသည့် အောင်မြင်တိုးတက်နေသောစက်မှုဇုန်ကြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ရှိ စက်မှုဇုန်များသည် နည်းပညာနှင့် အရင်းအနှီးများကို အားပြုနေပြီး မန္တလေးစက်မှုဇုန်မှာ ကြိုးစားအားထုတ်မှု၊ တီထွင်မှုနှင့် ညီညွတ်မှုတို့ကိုအားပြုပြီး လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ယေဘုယျအားဖြင့် သုံးသပ်ပြောဆိုနိုင်ကြောင်း။

မည်သို့ပင်ဖြစ်စေ ပုဂ္ဂလိကစက်မှုလုပ်ငန်းပိုင်းသည် နိုင်ငံတော်၏စက်မှုကဏ္ဍ၌ အချိုးအစားအရ အများစုအဖြစ် နေရာရယူထားသဖြင့် ပုဂ္ဂလိကပိုင်းဖွံ့ဖြိုးတိုးတက်မှသာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏အစီအစဉ်အရ စုစုစည်းစည်းဖွဲ့စည်းထားပြီးဖြစ်သော စက်မှုဇုန် ၁၉ ဇုန်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၈၀၀၀ ခန့်ကို အခြေခံအားယူပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်လာအောင် အားပေးလုပ်ကိုင်သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏စက်မှုကဏ္ဍ နှစ်စဉ်တိုးတက်မှုနှုန်းကို သုံးသပ်ကြည့်မည်ဆိုပါက ၁၉၉၂–၉၃ ခုနှစ်မှစ၍ အရှိန်အဟုန်ရှိရှိ တိုးတက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့ရာတွင် တိုင်းပြည်၏ စီးပွားရေးတန်ဖိုး(ဂျီဒီပီ)၌ စက်မှုကဏ္ဍ၏ ပါဝင်နိုင်သည့် အချိုးအစားမှာ ၁၀ရာခိုင်နှုန်းခန့်သာရှိသေးသဖြင့် ယခုထက်တိုးတက်ရန်၊ ရှေ့ဆက်လက်တိုးချဲ့ရန် လိုအပ်နေကြောင်း၊ တစ်ဖက်မှ အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင်ရမှာဖြစ်သကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို တစ်ပြိုင်တည်း တိုးတက်လာအောင် ဦးစားပေးလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

တိုးတက်မှုအလှည့်အပြောင်း

ထို့ကြောင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းအတွက် အခြေခံအားဖြင့် လိုအပ်သည့် ခေတ်မီသံထည်ပစ္စည်း ကိုင်တွယ်သုံးစွဲသည့် သံရည်ကျို၊ ပုံလောင်း၊ ပုံထောင်းစက်ရုံ အလုပ်ရုံများကို တိုးတက်မှုအားကောင်းသည့် စက်မှုဇုန် သုံးဇုန်၌ ထူထောင်လာနိုင်အောင် နိုင်ငံတော်အပိုင်းက ဦးဆောင်အားပေးနေခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များ၌ ရှိနေသော ပုဂ္ဂလိကသံရည်ကျိုလုပ်ငန်းအများစုမှာ ခေတ်မီခြင်းမရှိဘဲ မိရိုးဖလာနည်းဖြင့်သာ ဒေသသုံးပစ္စည်းများကို ထုတ်လုပ်နေကြခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက်နေသည့် ခေတ်မီသံရည်ကျိုစက်ရုံ အလုပ်ရုံများသည် ပုဂ္ဂလိကများ၏ သံထည်ပစ္စည်းကိုင်တွယ်သုံးစွဲမှုကို အရည်အသွေးအရ အဆင့်အတန်းမြင့်မားလာစေမှာဖြစ်၍ ပုဂ္ဂလိက စက်မှုလုပ်ငန်းအတွက် ကြီးမားသောတိုးတက်မှု အလှည့်အပြောင်းဖြစ်ကြောင်း။

ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော်အပိုင်းကမူ တတ်နိုင်သမျှ အစွမ်းကုန် ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်လာအောင် ရုပ်ဝတ္ထုပစ္စည်းအပိုင်းအရရော၊ စိတ်ဓာတ်ရေးရာအပိုင်းအရပါ အားပေးသွားမှာဖြစ်သကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း လမ်းကြောင်းမှန်မှန်ဖြင့် မိမိတို့၏ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးပြီး အောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်၏ မျှော်မှန်းချက်များအပေါ် မှန်မှန်ကန်ကန် နားလည်ခံယူပြီး မှန်ကန်သည့် လုပ်ကိုင်ဆောင်ရွက်မှုများဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာအောင် ဝိုင်းဝန်းဖော်ဆောင်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး မကွေးတိုင်း ရေနံချောင်းမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူကုမ္ပဏီများ၏ လှူဒါန်းငွေကျပ် ၁၄၆၀၀၀၀၀ကို လက်ခံယူစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇မှ

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေထံ ကွယ်လွန်သူ နှစ်ဖက်အဘိုးအဘွားနှင့် ဖခင်ဦးရွှေအားရည်စူးပြီး ရန်ကုန်မြို့နေ မိခင်ဒေါ်မြကျင်အား အမှူးထား၍ သားသမီးမြေးတစ်စု၊ ဦးအောင်တင်မြင့်–ဒေါ်လှရွှေ၊ သားမောင်အောင်ဇေယျ၊ သမီး မခင်လှမြင့်၊ မသီရိအောင် မိသားစု၊ နှစ်ဖက်သောမိဘများနှင့် ဆရာကိုနိုင်၊ ဗိုလ်ကြီးမင်းအောင်တို့အား အမှူးထား၍ ဦးစန်းအောင်(အဖြူလေး)–ဒေါ်ဝင်းဝင်းအေး၊ သမီးမြတ်ရူပါဝင်း မိသားစု၊ ကျေးဇူးရှင်ဖခင်ကြီးဦးထွန်းတင်(မန်းတင်)အား ရည်စူး၍ ဇနီးဒေါ်သန်းတင်နှင့် သားသမီးမြေးမြစ်တစ်စု၊ ဆရာကြီးဦးညိန်းမောင်နှင့်ဇနီး ဒေါ်စိန်စိန်တို့အား ရည်စူး၍(ပြွန်တန်ဆာ၊ ကျောက်ကြီး၊ သဃ်န်းကျွန်း၊ အထက–၂၊ ဒဂုံ)တို့မှ တပည့်များ၊ ညီဦးလှထွန်းမိသားစုနှင့် သမီးမမြင့်မြင့်သန်း မိသားစု၊ နှစ်ဖက်သော မိဘ၊ အဘိုးအဘွားများအားရည်စူး၍ ဦးကျော်ကျော်နိုင်–ဒေါ်ဥမ္မာမြင့်၊ မောင်ကောင်းထူးကျော်၊ မခင်သစ္စာစိုး၊ မောင်ဝေဖြိုးသန့် မိသားစု၊ ကလေးသရုပ်ဆောင်ဆုမေနှင့် ဦးကြည်သန်း–ဒေါ်စန်းရီမိသားစုတို့က ငွေကျပ် ၅၀၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းထံ ကျေးဇူးရှင်ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးခင်မောင်ကြီး–ဒေါ်တင်တင်အေးအား ရည်စူး၍ သားသမီးမြေးတစ်စု (သိန်းကြီး ပလတ်စတစ်လုပ်ငန်း)၊ နှစ်ဖက်သောဘိုးဘွားမိဘများနှင့် ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယကာကြီးဦးသိန်းဟန်(လျှပ်စစ်အင်ဂျင်နီယာ၊ငြိမ်း)တို့အား ရည်စူး၍ ဒေါ်သက်ရှိမိသားစုတို့က ငွေကျပ် ၅၀၀၀၀၀စီတို့ကိုလည်းကောင်း၊ နှစ်ဖက်သောမိဘများအား ရည်စူး၍ ဒေါ်ကြည်၊ ဗိုလ်မှူးကြီးခင်မောင်ရင်–ဒေါ်စန်းရီမိသားစု၊ ဗိုလ်မှူးကြီးသန်းညိန်း–ဒေါ်ခင်သွယ်သွယ်မြင့်၊ သားဒေါက်တာနိုင်ညိန်း၊ ဗိုလ်လောင်းချမ်းညိန်းမိသားစု၊ ဒေါ်တင်ကြည်(လူမှုထူးချွန်တတိယဆင့်)၊ ဦးအုန်းမောင်–ဒေါ်ခင်ခင်စန်းမိသားစု၊ ဦးအောင်ကျော်(ဓမ္မသုခဆေးတိုက်)နှင့် ဦးမောင်မောင်–ဒေါ်တင်တို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေထံ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးကျင်စွမ်း–ဒေါ်ချိန်တီ သားသမီးမြေးတစ်စု၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသန်းအေး–ဒေါ်ယဉ်ယဉ်စွမ်း၊ သမီးမဆုယဉ်ဝင်းထက်၊ မသင်းရတနာထက်မိသားစု၊ ဗိုလ်ကြီးလှဝင်း(ငြိမ်း)–ဒေါ်တင်တင်ခိုင်၊ သားမောင်ဝင်းခိုင်ထွန်း၊ သမီးမစန္ဒာဝင်းခိုင်မိသားစု၊ နှစ်ဖက်သောမိဘ၊ အဘိုးအဘွားများအားရည်စူး၍ ဦးမင်းခိုင်–ဒေါ်ခင်စန္ဒာဝင်း၊ သမီးဆုလဲ့နှင်းမိသားစု၊ ဦးတင်လှ–ဒေါ်သန်းကြည်၊ သားမောင်ကျော်ကျော်နိုင်၊ မောင်ရဲနိုင်မိသားစု၊ One Five One Myanmar Trading Co.,Ltd.နှင့် ကွယ်လွန်သူဖခင်ကြီးဦးသန်းထွန်း(၁၀)နှစ်ပြည့်အားရည်စူး၍ ကျန်ရစ်သူဇနီးဒေါ်အေးအေးမြင့်နှင့်သား၊ သမီး၊ မြေးများ တစ်စုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကိုပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးတင်အောင်သက်–ဒေါ်သီတာခိုင်တို့၏ (၁၀)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်၊ သား ပြည်ဟိန်းကျော်၊ ချမ်းမြေ့ခိုင်၊ ကျော်ရဲရင့် မိသားစု၊ ကွယ်လွန်သူဖခင်ကြီး ဦးကျော်သောင်းအားရည်စူး၍ ဦးသစ္စာလှထွေး–ဒေါ်စန္ဒီသောင်း၊သမီး အေးသစ္စာမင်း မိသားစု၊ ကွယ်လွန်သူ ဦးကျော်သောင်းအား ရည်စူး၍ မိခင် ဒေါ်ခင်လှိုင်၊ ဒေါက်တာဦးဝင်းခိုင်–သမီးကြီး ဒေါ်သီဂီဦး၊ မြေး မောင်သီဟဇွဲ၊ မဟေသီဇွဲ ကျောက်ကုန်းမိသားစု၊ ကွယ်လွန်သူ မိဘများဖြစ်ကြသည့် ဦးစိုးမြနှင့် ဒေါ်စိုးညွန့်တို့အား ရည်စူး၍ သားသမီးများဖြစ်ကြသည့် ဦးမြင့်ဌေး၊ ဒေါ်ရှယ်လီစိုး၊ ဦးရဲစိုး၊ ဒေါက်တာမြတ်စိုး၊ ဒေါ်နီလာစိုး၊ဒေါ်သီတာစိုးနှင့် ဦးစိုးမြတ်ထွေးမိသားစုနှင့် ဦးကျော်နီ၊ ဒေါ်တင်တင်ထွေး၊ ဒေါ်တင်မေထွင့်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်ထံ နှစ်ဖက်မိဘများကို အမှူးထား၍ ဦးနှင်းဦး၊ ဇနီး ဒေါ်ခင်လှရီ၊ သမီး မနှင်းနွယ်နွယ်၊ မမျိုးမြင့်ခိုင်နှင့် သား မောင်ပြည့်ဖြိုးကျော် မိသားစု၊ (ဦးမောင်နီ)အားရည်စူး၍ ဒေါ်ခင်လေးမြင့် မိသားစု၊ နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးခင်အေးကို ရည်စူး၍ ဒေါ်လှမြင့်နှင့် သားသမီးမြေးတစ်စု၊ ဗိုလ်မှူးကျော်စွာ(ငြိမ်း)–ဒေါ်လှစိန်မိသားစုနှင့် ကွယ်လွန်သူဖခင်ကြီး ဦးသိမ်းထွန်း(နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်)မိခင်ကြီး ဒေါ်အေးကြည်အားရည်စူး၍ ဒေါ်နီနီနွယ် မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးဖြစ်သည့် သီဟသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ရီရီလှ(ယုဝတီခင်ဦး)က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မွန်မြတ်ဒါန

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်းအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ရေရရှိရေးလုပ်ငန်းများအတွက် အလှူဒါနပြုကြခြင်းမှာ သန့်ရှင်းသော သောက်သုံးရေမရရှိသေးသည့် သို့မဟုတ် မလုံလောက်သေးသည့်၊ ကျေးလက်ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်အကျိုးပြုသော အလှူဒါနဖြစ်၍ မွန်မြတ်သည့်အလှူဒါနဖြစ်ပါကြောင်း။

ကျေးလက်ဒေသများအထူးသဖြင့် မိုးနည်းရေရှား အညာကျေးလက်ဒေသများ၏ ရေရှားပါးမှု၊ ပူပြင်းခြောက်သွေ့မှုကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်မှုများအရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်ချမှတ်၍ အကောင်အထည်ဖော်နေသည်မှာ ၁၀နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် အညာဒေသ၌ သစ်တော၊ သစ်ပင်များပြန်လည် ထိန်းသိမ်းတိုးချဲ့စိုက်ပျိုးနိုင်သကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို ထူထောင်ခဲ့ကြောင်း။

ထို့ကြောင့် ယခုအခါ အညာဒေသ၌ ရေလှောင်တမံများ၊ ရေလှဲဆည်များ၊ မြစ်ရေတင်စခန်းများစွာကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ခြောက်သွေ့နေသော ပတ်ဝန်းကျင်ဒေသမှာလည်း အစိမ်းရောင်ထစပြုလာနိုင်သည်ဟု ဆိုနိုင်ကြောင်း။

သို့ရာတွင် သန့်ရှင်းသော သောက်သုံးရေပြည့်စုံမှုမရှိသေးသော ကျေးရွာများ ကျန်ရှိနေသဖြင့် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေ ဖူလုံရရှိအောင်၊ ကျေးရွာပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်လာအောင် ယခုကဲ့သို့ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းကို ကျယ်ပြန့်စွာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သောက်သုံးရေအတွက် ကြောင့်ကြမှု ကင်းဝေးသည်နှင့်အမျှ ကျန်းမာရေးနှင့် ညီညွတ်ပြီး ကျေးရွာနေပြည်သူများ စိတ်လက်ချမ်းသာစွာ ပိုမိုအလုပ်လုပ်နိုင်မှာဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုဒဏ်မှလည်း လွတ်ကင်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် ရေရရှိရေး အလှူဒါနသည် အလွန်မွန်မြတ်သည့် ဒါနဖြစ်ကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ အခမ်းအနားတက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အခမ်းအနားသို့ မတက်ရောက်နိုင်သူများ အပါအဝင် အလှူရှင် စုစုပေါင်း ၁၆၄ ဦး၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၂၀၈၅၂၀၃၀၊ အမေရိကန်ဒေါ်လာ ၅၀၀ နှင့် ယူရို ၅၀၀ ဖြစ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ညနေ ၄နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
- သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိလုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၄–၉–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ၏ ထေရုပ္ပတ္တိမော်ကွန်း "ပဌမဆယ်စုနှစ်" (အပိုင်း–၁)
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၁၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၀ ၆။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ၁၅–၂၀နှစ်) (အမျိုးသား/အမျိုးသမီး)
၁၇:၂၅ ၇။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၄၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း–၂၄)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၂၀ ၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၃၅ ၁၄။ ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) "ရာမာယဏ" ဇာတ်တော်ကြီး ဆွေးနွေးခန်း
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း–၂၂)

အသက်ရှည်စွာ အနာမဲ့ရေး (၄)

ဒေါက်တာလွင်ကို

"ဦးလေးချော၊ ဦးလေးစံမောင်နဲ့ ဦးလေးချစ်တို့ ခုလိုကျွန်တော့အိမ်က ဘုရားအနေကဇာတင်ပွဲကို ကြွရောက်ချီးမြှင့်အားပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ ဆရာရယ်၊ "အနေကဇာတိသံသာရံ" အစချီပြီး မြတ်ဗုဒ္ဓဘုရားဖြစ်လျှင်ဖြစ်ချင်း ကျူးရင့်တဲ့ ဉဒါန်းစကားကို သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သွားခိုက်မှာ အနက်အဓိပ္ပာယ်ဆင်ခြင်လိုက်မိလို့ တစ်ခဏလေးမျှ မိမိကိုယ်ကို တဏှာကင်းစင်သွားသလို ခံစားလိုက်မိလို့ ကျေးဇူးတင်မဆုံးပါဘူး"

"ဘယ်လို ဆင်ခြင်မိတာလဲ ဦးလေးချောရဲ့"

"ကျွန်တော်တို့က နေ့စဉ်နဲ့အမျှ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ လောကီကိစ္စအဝဝ ပြည့်စုံအောင်မြင်တိုးတက်ဖို့ ဆုတောင်းကြတယ်လေ။ မိမိအတွက်တွင် မကပါဘူး၊ သားသမီးမြေးမြစ်များ အတွက်ပါပေါ့ ဆရာရယ်။ ဒီဆုတောင်းတွေက တကယ်တော့ တဏှာတွေပါပဲ။ မြတ်ဗုဒ္ဓကတော့ "ငါ၏ဘဝ ခန္ဓာအမျိုးမျိုးကို တည်ဆောက်လာခဲ့သော 'ဟယ်'–တဏှာလက်သမား၊ ငါသည်သင့်ကို အမှန်တကယ် မသိခဲ့သောကြောင့် သင့်ကိုရှာဖွေရင်း ဘဝများစွာ သံသရာရှည်ခဲ့ပြီ။ ယခုမူငါသည် သင့်ကိုတွေ့ပြီ၊ ဤအချိန်ကစပြီးသင်သည် ငါ့အတွက် ဘဝခန္ဓာသစ်ထပ်ဖြစ်အောင်လုပ်ခွင့်ရတော့မည်မဟုတ်။ ငါသည် သင့်ခန္ဓာအိမ်၏ အခြင်ရနယ်တွေကိုလဲ ဖျက်ချလိုက်ပြီ၊ အမိုးအစွန်းအထွတ်တို့ကိုလဲ လှဲလိုက်ပြီ။ ယခုမူငါ၏စိတ်သည် သင်၏နယ်ပယ်မှ လုံးဝလွတ်ကင်းသောနိဗ္ဗာန်ကို မြင်နေပြီ။ ငါ၏စိတ်သည် သင်၏ တဏှာနယ်မှ လွတ်ပြီ၊ ကျွတ်ပြီဆိုတဲ့ အဓိပ္ပာယ် ဉဒါန်းကျူးရင့်တာကို ဆင်ခြင်မိလို့ပါ။"

"တန်ဖိုးရှိလိုက်တာ ဦးလေးချောရာ၊ တရားသဘောဆင်ခြင်မိတဲ့ အချိန်တိုင်း၊ တရားမှတ်ရှုပြီး ဘာဝနာပွားနေတဲ့အချိန်တိုင်းမှာ ခန္ဓာကိုယ်က FRO_2 မီးပွား မထွက်ဘူးလို့ မှတ်ယူနိုင်မှာပါ။ ဒါကြောင့် တရားထိုင်ရင်းကင်ဆာရောဂါအပါအဝင် ဆရာဝန်များလက်လျှော့လိုက်တဲ့ ရောဂါတွေ သက်သာရာရတဲ့သာဓက အများကြီးပါ"

"မှန်လိုက်တာဆရာ၊ ဒါထက် ဟိုတစ်နေ့က အကြောင်း ပြန်အစကောက် ဆွေးနွေးပေးပါဦး။ ကိုဖြိုးတို့လို လူငယ်တွေအတွက်လဲ ပါတယ်ဆိုတော့၊ ကျွန်တော့်မြေး မောင်တင်စိုးကိုလဲ ခေါ်လာခဲ့ပါတယ်။ ဒီပွဲမှာ ပတ်စာခွာဖျာသိမ်းခိုင်းချင်တာ ခိုင်းနိုင်ပါတယ်။ ဓာတုဗေဒတတိယနှစ် ကျောင်းသားပါ"

"အားလုံးကို ကြိုဆိုပါတယ် ဦးလေးစံမောင်၊ မျိုးဆက်သစ်တွေပါတယ်ဆိုတော့ ပိုပြီးပြည့်စုံတာပေါ့။"

ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကုသိုလ်ကောင်းမှုလေးမျိုးစလုံးမှာ သဒ္ဓါအားကောင်းရင် ပစ္စုပ္ပန် သံသရာခရီးတစ်လျှောက်လုံး အဘက်ဘက်က လိုလေသေးမရှိ အစစအရာရာ အဆင်ပြေနိုင်ပါတယ်။

ပင့်သံဃာတော်များ ပြန်အကြွတွင် ရင်းနှီးသော မိတ်ဆွေများကို ဧည့်ခံစဉ်ဖြစ်ပါသည်။

"ဆရာခင်ဗျား၊ ကျွန်တော့် ဆီးကျိတ် အခြေအနေ တော်တော်ကောင်းသွားပြီ ထင်ပါတယ်။ အခုဆို ညဘက်မှာ နှစ်ခါလောက်ပဲ ထရပါတော့တယ်။ ရွှေဖရုံသီးနှပ်နဲ့၊ ဖရုံစေ့လှော်ကို နှစ်ပတ်လောက်နေ့စဉ်ဆက်စားတဲ့ အာနိသင်ပဲထင်ပါတယ်။ ဒီလိုအာနိသင်ရှိတဲ့ အခြားအစားအသောက်တွေရှိရင် ထပ်ပြီး ညွှန်ပေးပါဦး။"

"ဟုတ်ကဲ့ခင်ဗျာ၊ အရင်အပတ်က ဦးလေးတို့နဲ့ ခန္ဓာကိုယ်ထဲက ဖြစ်စဉ်(Oxidation Process) အကြောင်း ဆွေးနွေးခဲ့ပါပြီ။ ဒီဖြစ်စဉ်က ပိုထွက်လာတဲ့ မီးပွားလို့ တင်စားထားတဲ့ (Free Radical O_2) တွေက အခြားဆဲလ်တွေကို လောင်ကျွမ်းတတ်ရာမှာ လောဘ၊ ဒေါသ၊ သောက၊ မာနတွေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဆေးလိပ်၊ အရက်တွေက လောင်စာအဖြစ်နဲ့ဝင်လာရင် မီးပွားလေးတွေ ပိုထွက်ပြီး လောင်ကျွမ်းမှုပိုများကာ အိုမင်းရင့်ရော်လွယ်တာတို့၊ ရောဂါမျိုးစုံ ဝင်နိုင်တာတို့ကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီ မီးပွားလေးတွေကို ငြိမ်းသတ်နိုင်တာ၊ ပျက်စီးသွားတဲ့ဆဲလ်ကို သင့်တင့်စွာ ပြန်ကောင်းလာစေနိုင်တဲ့ဓာတ်ကို (Antioxidant)ဓာတ်ပြုကာကွယ်ပစ္စည်းလို့ ခေါ်ရမှာပေါ့။ အဲဒါတွေက ကျွန်တော်တို့ နေ့စဉ် စားသုံးနေတဲ့ ဟင်းရွက်သီးနှံတွေမှာ ပါဝင်နေပါတယ်။ ပါဝင်မှုပမာဏ ကွာခြားမှု၊ လုပ်ဆောင်ချက် ကွာခြားမှုတို့ ရှိကြတော့ ဟင်းသီးဟင်းရွက်မျိုးစုံအောင် စားပေးသင့်ပါတယ်။"

"အဲဒါများများပါတဲ့ အသီးအရွက်တွေကို သိချင်နေတာဆရာရဲ့၊ ဒါမှ ကျွန်တော်တို့ ရွေးချယ်စားသုံးမှု မှန်ကန်မှာပေါ့ခင်ဗျ"

" ဟုတ်ကဲ့၊ အရေးကြီးတဲ့ 'The Top 10 Antioxidant Foods' ၁၀မျိုးလောက် ကျွန်တော် ဆွေးနွေးကြည့်ပါ့မယ်။ **နံပါတ် (၁)ကတော့ ဘယ်ရီသီး (Berries)များပေါ့၊ အသားများပြီး အရည်ရွှမ်းတဲ့ အသီးငယ်မျိုးနဲ့ အစေ့တွေထဲမှာ Antioxidant အများကြီး ပါကြပါတယ်။ စတော်ဘယ်ရီသီး (Strawbarries) ကတော့ မြန်မာပြည်မှာ အများဆုံးရနိုင်တဲ့အသီးပါ။** ဘလူးဘယ်ရီ(Blueberries)နဲ့ ဘလက်ဘယ်ရီ (Blackberries)တို့ကတော့ ဟိုတုန်းက မြန်မာပြည်မှာ ရှိပေမယ့် အခုတော့ ရှားကုန်ကြပါပြီ။ စတော်ဘယ်ရီသီးထက် နည်းနည်းငယ်ပြီး သူ့နာမည်အတိုင်း အပြာရောင်နဲ့ အနက်ရောင် ခပ်သမ်းသမ်းပေါ့။ သူတို့ထဲမှာပါတဲ့ Proanthocyanidins ဆိုတဲ့ Antioxidant ဓာတ်က **ကင်ဆာရောဂါနဲ့ နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးပါတယ်။** နောက်ပြီး Eilagic Acid ကတော့ ခန္ဓာကိုယ်ထဲဝင်လာတဲ့ (Carcinogen) ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပေါင်းတွေကို ပျက်စီးစေပါတယ်။ **အသက်ကြီးလို့ ခြေတုန်၊ လက်တုန်၊ ခြေကြော၊ လက်ကြောတင်းတာတွေကြောင့် အထအကြွ မခက်ရအောင် ကာကွယ်ပေးပါတယ်"**

"ဆရာပြောတဲ့ ဓာတ်အမည်တွေတော့ မလိုက်နိုင်ပါဘူး။ ဘာရောဂါအတွက် ကောင်းတယ်ဆိုတာတော့ မှတ်မိပါတယ်ဆရာ"

"ဟုတ်ကဲ့ခင်ဗျ၊ ကိုဖြိုးတို့၊ ကိုတင်စိုးတို့လို တက္ကသိုလ်ကျောင်းသားကြီးတွေပါလို့ ပြောရတာပါ။ ကြားဖူးနားဝပေါ့"

"နံပါတ် (၂)ကတော့ (Broccoli) အီတလီမုန်လာ ထုပ်ဆိုပါတော့။ ကျွန်တော်တို့ မုန်လာပွင့်ထက် ငါးဆလောက်ငယ်ပြီး အပွင့်ကစိမ်းတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ (Cauliflower)ပန်းမုန်လာနဲ့ (Cabbage)ဂေါ်ဖီထုပ်တွေထဲမှာလဲ အတူတူ Antioxidant တွေပါပါတယ်။ အဲဒီထဲမှာပါတဲ့ Indole-3- carbinol ဓာတ်ဟာ ခန္ဓာကိုယ်ထဲက အစ်စထိုဂျင်ဟိုမုန်းကို ပျက်စီးစေပါတယ်။ ဒါကြောင့် **ရင်သားကင်ဆာ၊ မျိုးဥအိမ်နဲ့ သားအိမ်ခေါင်း ကင်ဆာမဖြစ်အောင် ကာကွယ်ပြီး Beta-Caroteine ဓာတ်ကတော့ ကင်ဆာအမျိုးမျိုးနဲ့ နှလုံးရောဂါ မဖြစ်အောင် ကာကွယ်နိုင်တယ်ခင်ဗျ"**

"ဒါကိုတော့ အိမ်ပြန်ဖောက်သည်ချဖို့ သေချာမှတ်ထားရမယ် ဦးစံမောင်ရေ"။ **နံပါတ်(၃) ကတော့ စပျစ်သီးနီညိုပါပဲ(Red Grapes)။** သူ့အထဲမှာ Resveratrol နဲ့ Quercetinဓာတ်တွေပါတော့ နှလုံးအတွက် အကျိုးပြုပါတယ်။ ဒီဓာတ်တွေက Plateletsဆိုတဲ့ သွေးဥငယ်ကလေးတွေ စုပုံပြီး သွေးကြောမပိတ်အောင်နဲ့ သွေးကြောတွေ မာခေါက်တောင့်တင်းခြင်း မဖြစ်အောင်လဲ ကာကွယ်ပါတယ်။ Reveratrol ဓာတ်က **ကင်ဆာရောဂါ မဖြစ်အောင်ကာကွယ်တဲ့အပြင် အစာအိမ်နာ(Gastriculcer)နဲ့ ဦးနှောက်သွေးကြောပိတ်၊ ပြတ်ခြင်းများ၊ အရိုးပွခြင်း (Osteoporosis) မဖြစ်အောင်လဲ ကာကွယ်ပါတယ်"**

"ဒါဆိုစပျစ်ဝိုင်က လူနဲ့တည့်တာပေါ့ ဆရာ"

"မှန်ပါ့ခင်ဗျာ၊ အစာစားခါနီး လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးစာလောက်ဆို သင့်တင့်ပါတယ်"။

"နံပါတ်(၄)ကတော့ ဦးလေးတို့သိပြီးသား (Garlic) ကြက်သွန်ဖြူရဲ့အစွမ်းပါ။ သူက ရှေးအကျဆုံးသော ဆေးကောင်းတစ်လက်မို့ ကင်ဆာ၊ နှလုံးရောဂါနဲ့ အိုမင်းရင့်ရော်ခြင်း မဖြစ်အောင် ကာကွယ်တယ်ဆိုတာ သိကြပါတယ်။ လက်ရှိလေ့လာထားတာကတော့ ကြက်သွန်ဖြူမှာပါတဲ့ ဆာလ်ဖာဓာတ်ပေါင်းက သူ့ရဲ့အနံ့ကို ဖြစ်စေတဲ့အပြင် သွေးတိုးကျခြင်း၊ **Cholesterolဆိုတဲ့ သွေးထဲကအဆီဓာတ်ကိုကျစေခြင်း၊ သွေးခဲမှုမဖြစ်အောင် ကာကွယ်ခြင်းတို့ကြောင့် နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၊ ပြတ်ခြင်း (Stroke) မဖြစ်အောင် ကာကွယ်ပေးပါတယ်။** ပုံမှန်သာ နေ့စဉ်စားပါ၊ ကင်ဆာရောဂါ၊ မှို (Fungus)တက်ရောဂါ၊ (Yeast)ရိစ်ပိုးဝင်တဲ့ရောဂါနဲ့ ပန်းနာရောဂါတွေ မဖြစ်ပွားအောင်ကိုပါ ကာကွယ်တယ်လို့ လေ့လာတွေ့ရှိထားပါတယ်။

"နံပါတ်(၅)ကတော့(Spinach)ဟင်းနုနယ်ရွက်ပါ။ သူ့မှာ Lutein ဆိုတဲ့ Antioxidant ဓာတ်ပါတော့ အတွင်းတိမ်(Catract)နဲ့မြင်လွှာပျက်စီးခြင်း (Macular Degeneration)မဖြစ်အောင်အထူးကာကွယ်ပေးတဲ့အပြင် နှလုံးရောဂါကိုပါ ကာကွယ်ပေးနိုင်ပါတယ်"

"နံပါတ်(၆)ကလဲ ကျွန်တော်တို့ရဲ့ ဇာတ်လိုက်ကျော် (Green Tea) လက်ဖက်ရည်ကြမ်းပါပဲ။ သူ့မှာပါတဲ့ Catechins ဓာတ်က ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်သွေးကြောယို၊ ပိတ်ရောဂါနဲ့ အိုမင်းရင့်ရော်ခြင်းတွေ မဖြစ်ပွားအောင် ကာကွယ်ပေးတယ် လို့ လေ့လာထားပြီးဖြစ်ပါတယ်"

"ဦးစံမောင်ရေ၊ ကျွန်တော်တို့မသိဘဲနဲ့ စားသောက်နေတာတွေ တော်တော်မှန်နေသလိုပဲဗျ"

"ဟုတ်တယ် ဦးဘချောရေ၊ ဘိုးစဉ်ဘောင်ဆက်ကတည်းက ကောင်းလို့၊ မှန်လို့၊ ကျန်းမာရေးနဲ့ညီညွတ်လို့ စားသုံးတတ်လာအောင် ကြိုးဆောင်လေ့ကျင့် ပေးခဲ့ကြတဲ့ ဘိုးဘွားမိဘတွေကိုကျေးဇူးတင်ထိုက်တယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မိဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင် ကျေးဇူးရှင်ပေါင်းတို့အား ဤစကားဝိုင်းမှ ဦးခိုက်ကန်တော့ လိုက်ပါတယ်"

"မင်္ဂလာရှိလိုက်တာဦးလေးတို့ရာ၊ နံပါတ်(၇) အမျိုးအစားကလဲ ကျွန်တော်တို့စားနေကျပါ။ Carrots လို့ခေါ်တဲ့ မုန်လာဥနီပေါ့။ သူ့မှာပါတဲ့ Beta-Carotene ဓာတ်မျိုးက ကန်စွန်းဥနဲ့ အခြားသော အဝါရောင်ရှိတဲ့ ရွှေဖရုံသီး၊ လိမ္မော်သီး၊ ကမ္ဘလာသီးတွေမှာလဲပါတယ်။ အထူးသဖြင့် အဆုတ်ကင်ဆာ၊ ဆီးကျိတ်နဲ့ ဆီးအိမ်ကင်ဆာ၊ ရင်သား၊ အစာအိမ်၊ အစာပို့ပြွန်ကင်ဆာတွေ မဖြစ်ရအောင်ကာကွယ်ပေးတဲ့အပြင် အဆစ်ရောင်ခြင်းနဲ့ နှလုံးရောဂါ မဖြစ်အောင်လဲ ကာကွယ်ပေးပါတယ်။ မုန်လာဥနီနဲ့ ခါချက်ဥကို ချက်စားရင် Antioxidant အာနိသင်ပိုရှိတာကိုလဲ တွေ့ရတယ်တဲ့ခင်ဗျ"

"ဆရာကြီးခင်ဗျာ၊ Antioxidant ဆိုတဲ့ ဓာတ်တွေက ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပေါင်းတွေပေါ့နော်။ ဒါကြောင့်သူတို့ရဲ့ FRO_2 မီးပွားများကို ငြိမ်းသတ်ပုံနဲ့ တချို့ဆဲလ်တွေ၊ Regeneration ပြန်ကောင်းအောင် လုပ်ဆောင်ပုံချင်းလဲ ကွဲပြားမှာပေါ့"

"မှန်တာပေါ့ ကိုတင်စိုးရာ၊ ကိုရင်တို့တစ်တွေ Biochemist တွေ၊ Biotechnologist တွေဖြစ်အောင် ကြိုးစားကြစမ်းပါ။ ဘွဲ့ရပြီး ကိုယ်သင်ထားတဲ့ ပညာနဲ့ မဆိုင်တဲ့အလုပ်ဝင်လုပ်တာမျိုး၊ အရောင်းအဝယ်လိုလို၊ ဘာလိုလို ပေါ်ပင်အလုပ်မျိုးဝင်လုပ်တာထက် ပညာပေါ်မှာ ရည်မှန်းချက်မြင့်မြင့်မားမား ထားစေချင်တယ်။ မြတ်ဗုဒ္ဓက အာဠာဝကဘီလူးကို ချွတ်ခန်းမှာ ဘီလူးကြီးက သူ့ရဲ့နောက်ဆုံးလက်နက်ဖြစ်တဲ့ ဘွဲ့ဖြူလက်နက်နဲ့ ပစ်လို့မနိုင်တဲ့အဆုံးကျတော့မှ မေးခွန်းငါးခုကို မြတ်ဗုဒ္ဓအား မေးလျှောက်တော်မူတယ်။ ဒီအကြောင်းအချက်တွေကိုလဲ ဘီလူးကြီးရဲ့ မိဘနှစ်ပါးက လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးအတွက် ကောင်းမွန်စွာသင်ကြားပေးခဲ့တာ အာဠာဝကဘီလူးကြီးဟာ သက်တမ်းရှည်လွန်းတော့ သူ့ခမျာ အင်အားကြီးပေမယ့် မိဘသွန်သင်ခဲ့တာ မေ့နေလို့ ဘုရားထံပါးမေးလျှောက်ရတာ။ အဲဒီအထဲမှာ အဘယ်နည်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခြင်းသည် အမြတ်ဆုံးဖြစ်ပါသနည်း ငါ့ရှင်လို့ "မေးခွန်းတစ်ခုပါတယ်။ မြတ်ဗုဒ္ဓက ပညာနှင့်အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အမြတ်ဆုံးဖြစ်ပေတယ်လို့ မိန့်တော်မူပါတယ်။ ဒီမေးခွန်းငါးခု မေး/ဖြေပြီးမှ အာဠာဝကဘီလူးကြီးက မြတ်စွာဘုရားရှေ့မှာ ဒူးထောက်တာ။ ကိုရင်တို့လဲပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုပြီး ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံကို အကျိုးပြုစေချင်တယ်ကွာ"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကြိုးစားပါ့မယ်"

" နောက်နံပါတ် (၈) ကတော့ Soya Beamဆိုတဲ့ ပဲပုပ်၊ ပဲကျပ်ပျဉ်နဲ့၊ ပဲနောက်စေ့ မျိုးတွေပါပဲ။ သူတို့ဆီမှာပါတဲ့ Genisteins နဲ့ Iso Flavones ဆိုတဲ့ Antioxidants တွေက သွေးအတွင်းမှာရှိတဲ့ HDL ကို တက်စေပြီး LDL ကို ကျစေပါတယ်။ အဲဒါအပြင် ကင်ဆာမျိုးစုံ၊ အထူးသဖြင့် ဆီးကျိတ်ကင်ဆာမဖြစ်အောင် ကာကွယ်တဲ့အပြင် အရိုးမပွအောင်လဲ ကာကွယ်ပါတယ်။ အမျိုးသမီးတွေ သွေးစုန်းကိုင်တာကိုလဲ သက်သာစေပါတယ်။ HDLနဲ့ LDLက ဘယ်လိုပါလဲဆရာ။ ထပ်ရှင်းပြပါဦး"

"HDL ဆိုတာက High-density Lipoprotein တဲ့။ ခန္ဓာကိုထဲမှာ များလေကောင်းလေပဲ။ LDL ကတော့ Low-density Lipoproteinတဲ့။ ခန္ဓာကိုယ်သွေးထဲမှာ နည်းလေကောင်းလေပဲ။ တတ်နိုင်ပြီး ကျန်းမာရေးဂရုစိုက်တဲ့ လူတိုင်း ကိုယ်အလေးချိန်တက်လာပြီး ဝလာပြီဆိုရင် ဓာတ်ခွဲခန်းတွေမှာ စစ်လေ့ရှိကြတယ်။ LDL ကို လျှော့ချပေးတဲ့ ဆေးတွေလဲ ဈေးကွက်မှာ ခေတ်စားနေတာကြာပြီ။ ပဲနို့ရည်မျိုး၊ နို့ကျဲကျဲနဲ့ ကိုယ့်ဘာသာစီမံသောက်ရင်လဲ မလိုအပ်တဲ့ အဆီဓာတ်တွေ ကျနိုင်ပါတယ်"

"နံပါတ်(၉)ခုမြောက်ကတော့ Whole Grain လို့ခေါ်တဲ့ အနှံကထွက်တဲ့ အစေ့အဆန်တွေပေါ့။ ဂျုံဆန်၊ ပြောင်း အပါအဝင် ကောက်ပဲသီးနှံအမျိုးမျိုးပေါ့။ ဒီအစားအသောက်တွေက ဝမ်းကိုမှန်စေပါတယ်။ Vitamin-E ပါတော့ ကင်ဆာအမျိုးမျိုးမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။ အထူးသဖြင့် ဆီးကျိတ်ကင်ဆာပေါ့။ သူက ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် (Immune System) ကိုလဲ တိုးတက်စေပါတယ်။ အဆစ်မရောင်အောင် ကာကွယ်ပြီး Alzheimer's Diseaseဆိုတဲ့ အိုမင်းရင့်ရော်ခြင်းရောဂါ တစ်မျိုးကို တားဆီးတဲ့အပြင် Phytic Acid ပါတဲ့ အတွက်ကြောင့် ရင်သား၊ အသည်းနဲ့ အူမကြီးကင်ဆာ မဖြစ်အောင် ကာကွယ်ပေးပါတယ်"

"အခုပြောမယ့် **နံပါတ်(၁၀)ကတော့ အားလုံးစားသုံးနေတဲ့ (Tomato)ခရမ်းချဉ်သီးပါပဲ။ အစိမ်းထက် အမှည့်ကပိုပြီး အာနိသင်ကောင်းပါတယ်။** ချက်စားလို့လဲ ဓာတ်မပြယ်ဘူးဆိုတော့ ကျွန်တော်တို့မြန်မာ့အကြိုက်ပေါ့။ သူ့မှာပါတဲ့ Lycopeneဆိုတဲ့ဓာတ်က Beta-Carotene ဆိုတဲ့ဓာတ်ထက် Antioxidantစွမ်းအား နှစ်ဆကောင်းပြီး သုတေသနစာတမ်းများအရ **ဆီးကျိတ်ကင်ဆာ၊ အဆုတ်၊ အူမကြီးနဲ့ ရင်သားကင်ဆာမဖြစ်အောင် အကာအကွယ်ပေးကြောင်း သိရပါတယ်။** နောက်ဓာတ်တစ်မျိုးက Glutathione ပါပဲ။ သူကတော့ ကိုယ်ခံစွမ်းအားကို မြှင့်တင်စေပါတယ်။ ဒါ့အပြင် အတွင်းတိမ်နဲ့ မြင်လွှာပျက်စီးခြင်း မဖြစ်အောင်လဲ ကာကွယ်ပေးနိုင်ပါတယ်။ အသက်ကြီးလို့ မေ့တတ်တာမျိုး၊ စိတ်အားငယ်တတ်တာမျိုးကို သက်သာစေတဲ့အတွက် မြန်မာ့ဟင်းလျာထဲမှာ ဆေးဖက်ဝင် အကောင်းဆုံးသီးနှံလို့ ဆိုနိုင်ပါတယ်။ အခုဆွမ်းကပ်တဲ့အထဲမှာလဲ ခရမ်းချဉ်သီးမီးဖုတ်ကို ကြက်သွန်ဖြူနဲ့ ရောထောင်းပြီး ဆရာတော်ကြီးတွေ ကပ်လိုက်ပါတယ်"

"ဆရာတို့ကတော့ တကယ့်ကို အကွက်ကျကျ စီမံတာပါပဲ။ **အခုဆွမ်းကပ်တဲ့ပွဲမှာကြည့်ရင် ပဲနောက်စေ့ဟင်းချို၊ ဟင်းရံတွေက ခရမ်းချဉ်သီးမီးဖုတ် ကြက်သွန်ဖြူနဲ့ထောင်း၊ ဟင်းနုနယ်ရွက်ကြော်နဲ့ ပြောင်းဖူးကြော်၊ အတို့က ဂေါ်ဖီထုပ်နဲ့ မုန်လာပွင့်၊ အသားဟင်းက ကြက်သွန်နီ၊ မုန်လာဥနီနဲ့ ကြက်သားဖတ် နုပ်နုပ်စဉ်းကြော်ထားလို့ (ကြက်သားဖတ်တောင် တော်တော် ရှာယူရပါတယ်)။ အချိုပွဲကျတော့ ပဲပေါက်စီ၊ စပျစ်သီးနီညို၊ လိမ္မော်သီး၊ လက်ဖက်နဲ့အကြော်စုံ၊ ရေနွေးကြမ်းဆိုတော့ အားလုံးဆေးဖက်ဝင် အမ်တီအောက်စီဒန့်တွေချည်းပါပဲ။"**

"ဟုတ်ကဲ့၊ ကြက်သားကို နုပ်နုပ်စဉ်းထားရတာက ဝိနည်းတော်နဲ့ ညီအောင်လို့ပါ။ တချို့ဆရာတော်ကြီးတွေက ဟင်းတုံးကြီးရင် တစ်တုံးလုံး ကိုက်စားခြင်းငှာ မသင့်၊ ဖဲ့လဲမစားထိုက်နဲ့မို့ ရှောင်သွားမှာစိုးလို့ပါ ဦးလေးတို့ရာ၊ နှမြောတွန့်တိုလို့ မဟုတ်ပါဘူး။"

"အခု အသီးအရွက်တွေအားလုံးကလဲ ကျွန်တော် ဘာမှမဝယ်လိုက်ရပါဘူး။ ကျွန်တော့် ဝေဒနာရှင် မိတ်ဆွေတွေရဲ့ စေတနာရောင်ပြန်တွေပါ။ အားလုံးလဲ ကုသိုလ်ဖြစ်တာပေါ့။"

"ဟုတ်ပါ့ခင်ဗျာ၊ အစီအမံကတော့ အံ့လောက်ပါတယ်။ ဆရာတို့က ပညာတတ်ဆိုတော့ အစစ အဆင်ပြေတာပေါ့နော်။ ငါ့မြေးတို့ အတုယူထားကြကွယ့်။"

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

■ *ကျောဖုံးမှ*

ပဲခူးတိုင်း ပဲခူးမြို့တွင် ကျင်းပသည့် ၁၅ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲကို သနပ်ပင်မြို့နယ် သိမ်ရိုးတံတားမှစတင် တာလွှတ်ပြီး ပဲခူးတိုင်း အားကစားကွင်းတွင် ပန်းဝင်ကြရာ အမျိုးသား ၁၅၇ဦးနှင့် အမျိုးသမီး ၁၅ဦး ပန်းဝင်ကြသည်။ အဆိုပါ တာဝေးအပြေးပြိုင်ပွဲကြီးတွင် ဖြူးမြို့နယ်ရှိ ဇေယျဝတီမှ တာဝေးအပြေးမောင်မယ်များက ပထမ၊ ဒုတိယနှင့် တတိယဆုများကို သိမ်းကျုံးယူငင်သွားကြသည်။

ဆုချီးမြှင့်

အမျိုးသားပြိုင်ပွဲတွင် သန်းမြင့်(ဇေယျဝတီ)က စံချိန် ၅၃မိနစ် ၅၆ ဒသမ ၈စက္ကန့်ဖြင့် ပထမ၊ မြင့်လွင်(ဇေယျဝတီ)က စံချိန် ၅၄ မိနစ် ၁၁ ဒသမ ၉စက္ကန့်ဖြင့် ဒုတိယ၊ ရဲမင်းအေး(ဇေယျဝတီ)က စံချိန် ၅၄မိနစ် ၄၇ ဒသမ ၈စက္ကန့်ဖြင့် တတိယရရှိကြရာ ဆုများကို ပဲခူးတိုင်း အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်က ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

စတုတ္ထဆုကို ဇော်မျိုးနိုင်(ဇေယျဝတီ) က လည်းကောင်း၊ ပဉ္စမဆုကို စိုးငြိမ်း(ဇေယျဝတီ)က လည်းကောင်း၊ ဆဋ္ဌမဆုကို သန်းဇော်(ဇေယျဝတီ)က လည်းကောင်းရရှိပြီး ဆုများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(လေ)က ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

သတ္တမဆုကို အောင်ခိုင်(သနပ်ပင်မြို့)က လည်းကောင်း၊ အဋ္ဌမဆုကို မောင်လှ(ဇေယျဝတီ)က လည်းကောင်း၊ နဝမဆုကို ကျော်နိုင်မင်း(ဇေယျဝတီ) က လည်းကောင်း၊ ဒသမဆုကို ဇော်မင်းထွန်း(ဇေယျဝတီ)က လည်းကောင်း ရရှိပြီး ဆုများကို ပဲခူးတိုင်း အားကစားနှင့် ကာယပညာကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီး ၁၅ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲတွင် အိအိလှိုင်(ဇေယျဝတီ)က စံချိန် ၆၀မိနစ် ၁၇ ဒသမ၉စက္ကန့်ဖြင့် ပထမ၊ မြင့်မြင့်အေး(ဇေယျဝတီ) စံချိန် ၆၂မိနစ် ၄၆ ဒသမ ၅ စက္ကန့်ဖြင့် ဒုတိယ၊ သီတာဝင်း (ဇေယျဝတီ)က စံချိန် ၆၄ မိနစ် ၃၅ ဒသမ ၁စက္ကန့်ဖြင့် တတိယ ရရှိပြီး ဆုများကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးချစ်မောင်က ပေးအပ်ချီးမြှင့်သည်။

စတုတ္ထဆုကို အိအိထွန်း(ဇေယျဝတီ)က လည်းကောင်း၊ ပဉ္စမဆုကို ခင်သန္တာစိုး (ဇေယျဝတီ)က လည်းကောင်း၊ ဆဋ္ဌမဆုကို ခင်သန်းသန်းအေး (ဇေယျဝတီ)က လည်းကောင်း ရရှိပြီး ဆုများကို ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ပေးအပ်ချီးမြှင့်သည်။

သတ္တမဆုကို ဌေးဌေးလှိုင်(ဇေယျဝတီ)က လည်းကောင်း၊ ဆဋ္ဌမဆုကို နှင်းယုဝေ(ရွှေကျင်)က လည်းကောင်း၊ နဝမဆုကို ဖြူဖြူဇင်(ရွှေကျင်)က လည်းကောင်း၊ ဒသမဆုကို မြင့်မြင့်စိန်(တောင်ငူ)က လည်းကောင်း ရရှိကြပြီး ဆုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပဲခူးတိုင်း ဒုတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းတင်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသား ၁၅ ကီလိုမီတာ တာဝေး အပြေးပြိုင်ပွဲ အမျိုးသား ပြိုင် ပွဲ တွင် ပထမဆုရ မောင်သန်းမြင့် (ဇေယျဝတီ) အား ပဲခူးတိုင်း အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အ တွင်း ရေး မှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က ဆု တံဆိပ်နှင့် ငွေသား ဆု ကျပ်တစ်သိန်း ချီးမြှင့်စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြိုင်ပွဲအပြီး ပြိုင်ပွဲကျင်းပရေးအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းမြင့်အား မြန်မာ့အလင်းကတွေ့ဆုံ၍ ပြိုင်ပွဲ၏ ရည်ရွယ်ချက်နှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို မေးမြန်းခဲ့သည်။

အတွင်းရေးမှူး ဦးထွန်းမြင့်က "မိမိတို့အဖွဲ့ စက်တင်ဘာ ၁၁ ရက်တွင် ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့အဖွဲ့နှင့် ပြိုင်ပွဲစီစဉ်ထားမှုနှင့် ပြေးလမ်းများ ရွေးချယ်ထားမှု အခြေအနေများကို မေးမြန်းပြီး သတ်မှတ်ထားသည့် ၁၅ကီလိုမီတာ ပြည့် မပြည့်ကို မိမိတို့ လိုက်လံကြည့်ရှုတိုင်းတာခဲ့ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့် ယခုကျင်းပသွားသည့် ပြိုင်ပွဲသည် အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်း လူငယ်များ ယှဉ်ပြိုင်ရခြင်းဖြစ်၍ လူငယ်သွေးသစ် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း" ရှင်းပြသည်။

ပဲခူးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ပြိုင်ပွဲအတွက် စီစဉ်ဆောင်ရွက်မှု အခြေအနေကို ရှင်းပြရာတွင် "မိမိတို့ပြေးခုန်ပစ်အဖွဲ့ချုပ်ထံမှ စာရပြီးနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ပြိုင်ပွဲအတွက် အစီအစဉ်များတင်ပြပြီး တိုင်းမှူး၏ အဓိကပံ့ပိုးကူညီမှု၊ ပဲခူးတိုင်း အားကစားနှင့် ကာယပညာကော်မတီနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းအတွင်း မြို့နယ်ပေါင်း ၂၈မြို့နယ်ရှိရာ ၁၄မြို့နယ်စီခွဲ၍ ပဲခူးနှင့် ပြည်တို့တွင် ကျင်းပခြင်းဖြစ်ကြောင်း၊ မိမိနှင့်အတူ မိမိတိုင်းအတွင်းရှိ မြို့နယ်များမှာရှိသည့် အားကစား ဦးစီးအရာရှိများ တက်ညီလက်ညီဖြင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း" ရှင်းပြသွားသည်။

ပဲခူးတိုင်း ဖြူးမြို့နယ်မှ အင်နှင့်အားနှင့် လာရောက်ယှဉ်ပြိုင်ကြပြီး ဆုများစွာရယူသွားသည့် ဇေယျဝတီမှ နည်းပြဆရာ ဦးတင်ဌေးက ပြိုင်ပွဲယှဉ်ပြိုင်ရခြင်းအကြောင်း၊ နိုင်ငံအတွက် အားထားရမည့် တာလတ်နှင့် တာဝေး အပြေးမောင်မယ်များ မွေးမြူလေ့ကျင့်ပေးရခြင်းအကြောင်း ယခုကဲ့သို့ ရှင်းပြသွားသည်။

နည်းပြဆရာဦးတင်ဌေးက "ယခု ၁၅ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲကြီးတွင် မိမိတို့ဇေယျဝတီမှ အမျိုးသား ၁၁ဦးနှင့် အမျိုးသမီးခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားကိုးဦးနှင့် အမျိုးသမီးခုနစ်ဦးစလုံး ဆုတံဆိပ်များ ချိတ်နိုင်ခဲ့ကြောင်း၊ မိမိရွေးချယ်လေ့ကျင့်ပေးခဲ့သည့်သူများထဲမှ ဝင်းဝင်းမာဆိုလျှင် နိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ရယူပေးခဲ့သူဖြစ်ကြောင်း၊ သူမ ကျောင်းမပြီးသေး၍ လေ့ကျင့်မှုနှင့် ကင်းကွာနေခြင်းဖြစ်ကြောင်း၊ ယခု ပဏာမလက်ရွေးစင်များထဲတွင် တင်ဆောင်ဝင်း၊ ဇော်ဇော်၊ ဇင်မာထွန်း၊ ခက်ဝေဖြာအောင်၊ ဖြူဝါသက်တို့မှာ မိမိမွေးထုတ်ပေးလိုက်သည့်သူများဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အပြေးသမားဘဝတွင် ကျင်လည်ခဲ့ရ၍ မိမိကလေးများအား မိမိသားသမီးများ သဖွယ် မြေတောင်မြှောက်ပေးရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆက်လက်ပြီး မိမိတပည့်များအား နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်များဖြစ်အောင် ကြိုးစားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

အလားတူ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း တိုင်းခွဲ)အားကစားနှင့်ကာယပညာကော်မတီတို့ ကြီးမှူးကျင်းပသည့် အသက် ၂၄နှစ်အောက် ကျား/မ ၁၅ ကီလိုမီတာ (ကိုးမိုင်၊သုံးဖာလုံ) အပြေးပြိုင်ပွဲကို စက်တင်ဘာ၁၂ရက် နံနက် ၆နာရီခွဲက ပြည်မြို့တွင် ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၁၄မြို့နယ်မှ အားကစားမောင်မယ် ၉၅ဦး ပါဝင် ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ပေါင်းတလည်မြို့အထွက်မှ စတင်တာလွှတ်ပြီး ပြည်မြို့ မင်္ဂလာရွှေပြည်တိုင်း အားကစားကွင်းတွင် ပန်းဝင်ကြသည်။

အမျိုးသားပြိုင်ပွဲတွင် ကျော်ကျော်ဦး(လက်ပံတန်းမြို့နယ်)က စံချိန် ၁နာရီ၃၂ဒသမ၅၅စက္ကန့်ဖြင့် ပထမရရှိပြီး ကျော်သီဟထွန်း(ပြည်မြို့နယ်)က ဒုတိယနှင့် ဝေဖြိုးအောင်(ပြည်မြို့နယ်)တို့က တတိယရရှိသည်။ အမျိုးသမီးပြိုင်ပွဲတွင် တင်နီလာထွန်း(ပေါင်းတည်မြို့နယ်)က စံချိန် ၁နာရီ ၈မိနစ် ၁၆ဒသမ ၁၁စက္ကန့်ဖြင့် ပထမ၊ ကြည်ပြာ (လက်ပံတန်းမြို့နယ်)က ဒုတိယနှင့် ပန်းအိစံ(ပြည်မြို့နယ်)က တတိယ အသီးသီးရရှိကြသည်။

ပထမဆုတံဆိပ်နှင့် ငွေသားကျပ်တစ်သိန်း၊ ဒုတိယဆုတံဆိပ်နှင့် ငွေသားကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆုတံဆိပ်နှင့် ငွေသားကျပ်ငါးသောင်း၊ စတုတ္ထဆု ငွေကျပ်သုံးသောင်း၊ ပဉ္စမဆု ငွေကျပ်နှစ်သောင်း၊ ဆဋ္ဌမဆု ငွေကျပ်တစ်သောင်း၊ သတ္တမမှ ဒသမအထိ ဆုငွေကျပ်ငါးထောင်စီ အသီးသီးချီးမြှင့်ပေးအပ်သည်။ ။

(မြန်မာ့အလင်း)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များ၊ ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ကြက်တောင်အားကစားသမားများ တက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပါဝင်ယှဉ်ပြိုင်

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဗဟိုအားကစားကော်မတီ အတွင်းရေးမှူး ကြက်တောင်အားကစားဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်က မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်သို့ အလှူငွေကျပ်၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက လက်ခံသည်။ အဆိုပါ ဌာနပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာန ၁၁ ခုမှ အားကစားသမား ၈၂ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရေကူးအဆင့်မြင့်မားရေးဆွေးနွေးလေ့လာရန်ထိုင်းသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၃

ထိုင်းနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ မြန်မာ့ရေကူးအားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အတွင်းရေးမှူး ဦးချိုမောင်တို့ခေါင်းဆောင်သော မြန်မာရေကူးလေ့လာရေးအဖွဲ့သည် စက်တင်ဘာ၁၀ရက် နံနက်၁၀နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အဆိုပါ မြန်မာရေကူးလေ့လာရေးအဖွဲ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးတင်မောင်ဝင်း၊ ဦးတင့်ဆန်း၊ ဦးမောင်ဝိတ်၊ အတွင်းရေးမှူး ဦးချိုမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်လွင်၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွန်းမောင်၊ တွဲဖက်ဘဏ္ဍာရေးမှူးများဖြစ်ကြသည့် ဦးစိန်သစ်နှင့် ဦးအောင်ထွေး၊ အမှုဆောင်များဖြစ်ကြသည့် ဦးတောက်ထွန်း၊ ဦးမြသီး၊ ဦးသက်ဝင်း၊ ဦးရွှေကြိုင်၊ ဦးဉာဏ်သစ်လှိုင်၊ ဦးထွန်းဝင်း၊ ဦးမျိုးဝင်းနှင့် ဦးမိုးကျော် စုစုပေါင်း ၁၇ဦး လိုက်ပါသွားကြသည်။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

"အစစ အဆင်ပြေခြင်းအတွက် ပညာဆိုတာ ၅၀ရာခိုင်နှုန်းလောက်တော့ ပါပါလိမ့်မယ်။ ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ရေးတဲ့ 'အနိုင်းမဲ့အဖော်' ဆိုတဲ့ ကျမ်းငယ်မှာ သဒ္ဓါတရားရှိရင် ဘယ်နေရာသွားသွား အစစအရာရာ အဆင်ပြေတယ်လို့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ လိုရင်းကို မှတ်သားနိုင်ပါတယ်တဲ့။"

"လူတိုင်း လူတိုင်းမှာ အဆင်မပြေမှု တစ်ခုခုတော့ ရှိတတ်ကြပါတယ်။ တချို့က စားဝတ်နေရေးနဲ့ပတ်သက်လို့ အဆင်မပြေကြသလို တချို့က ကျန်းမာရေးနဲ့ပတ်သက်လို့ အဆင်မပြေကြဘူး။ တချို့က စိတ်ဓာတ်ရေးနဲ့ ပတ်သက်လို့ အဆင်မပြေကြသလို တချို့က အသိဉာဏ်ပညာနဲ့ ပတ်သက်လို့ အဆင်မပြေကြဘူး။ စားဝတ်နေရေးနဲ့ ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် ဒါနမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် သီလမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ စိတ်ဓာတ်ရေးရာမှာ အစစ အဆင်ပြေချင်ရင် သမထကောင်းမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ အသိဉာဏ်အရာမှာ အစစအရာရာ အဆင်ပြေချင်ရင် ဝိပဿနာကောင်းမှုမှာ သဒ္ဓါအားကောင်းရပါမယ်။ **"ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကုသိုလ်ကောင်းမှုလေးမျိုးစလုံးမှာ သဒ္ဓါအားကောင်းရင် ပစ္စုပ္ပန် သံသရာခရီးတစ်လျှောက်လုံး အဘက်ဘက်က လိုလေသေးမရှိ အစစအရာရာ အဆင်ပြေနိုင်ပါတယ်** လို့ မိန့်ကြားထားတာကို လိုက်နာရင် အခုကျွန်တော်ဆွေးနွေးခဲ့တဲ့ Antioxidant တွေကိုသိတာ သိလို့စနစ်တကျ စားသုံးတာတို့ထက် အဆရာထောင်မက သာပါလိမ့်မယ် ဦးလေးတို့ခင်ဗျ။ "ဆရာပြောတာ မှန်လှပါပေတယ်။ အခုဆို ကျွန်တော်တို့ကတော့ အမ်တီအောက်စီဒန့်အကြောင်းလဲ အတော်အတန်သိ၊ ဒါနဲ့ ပတ်သက်တဲ့ ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံတွေ အကြောင်းလဲ တီးမိခေါက်မိရှိလာလို့ လိုက်နာစားသုံးရင်း FRO2မီးပွားလေးတွေ သိပ်မထွက်အောင်၊ လောဘ၊ဒေါသ၊ သောက၊ မာနနဲ့ အတ္တတွေကိုတွန်းလှန်နိုင်ဖို့ပထမအဆင့် ကြိုးစားမယ်၊ ဒုတိယအဆင့်အနေနဲ့ မီးပွားလေးတွေ လုံးဝမထွက်အောင် ဘာဝနာ ကမ္မဋ္ဌာန်းတရားမှတ်ရှုစီးဖြန်းပြီး ဆရာနဲ့တကွ ဤအသက်ရှည်စွာ အနာမဲ့ရေးဗဟုသုတများ ထွန်းကားပေါ်ပေါက်အောင် သုပဓာသနပြုပေးသူများနဲ့ ဖြန့်ဝေနိုင်အောင် ဆောင်ရွက်ပေးသူအားလုံးကို အစဉ်မေတ္တာပို့သနေပါ့မယ်။

"သာဓုပါဗျာ၊ သာဓု၊ သာဓု"။ ။

စီးရီးအေဒုတိယပြောက်ပွဲစဉ်များ ဆက်လက်ကစား ဂျူဗင်းတပ်၊ ရိုးမားနှင့် လာဇီယိုတို့ နိုင်ပွဲများရရှိ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ အီတလီစီးရီးအေ ဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၁၂ရက်ကဆက်လက်ကျင်းပရာ နာမည်ကြီးအသင်းများဖြစ်ကြသည့် ရိုးမား၊ ဂျူဗင်းတပ်၊ ပါလာမို၊ ကာဂရီလာရီနှင့် လာဇီယိုတို့ နိုင်ပွဲများ ရရှိခဲ့ကြပြီး ပါးမားနှင့် မက်ဆီနာ၊ ရက်ဂျီးနားနှင့် အူဒီးနီးစ်တို့ သရေပွဲများဖြစ်ခဲ့ကြသည်။

ဘရက်ရှားနှင့်ဂျူဗင်းတပ်

ယခင်နှစ်ဘောလုံးရာသီ၌ စီးရီးအေ တန်းစီဇယားတွင် အဆင့် ၁၁ ရှိနေသော ဘရက်ရှား၏ကွင်း ရီကာမွန်တီ၌ ဂျူဗင်းတပ်တို့ လာရောက်ကစားသောပွဲကို အီမာဆင်၊ သူရမ်၊ ကာမိုရာနီဆီ၊ ဒယ်လ်ပီယာရိုနှင့်ထရက်ဇီဂေး လူစုတို့ကိုပွဲထုတ်ခဲ့သည့် နည်းပြကာပယ်လိုက ကစားကွက်အသာ၊ ခြေအသာဖြင့် ဂိုးပြတ်သွင်းပြီး သူ့အသင်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

အိမ်ကွင်းရလဒ်မကောင်းသည့် ဘရက်ရှားအသင်းမှာ ယခင်နှစ် စီးရီးအေဘောလုံးရာသီတွင် အိမ်ကွင်းတွင် ၁၇ပွဲကစားရာ၌ ငါးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံးထားရာမှ ယခုနှစ် ဘောလုံးရာသီအဖွင့်တွင်လည်း ဂျူဗင်းတပ်၏ ဂိုးပြတ်သွင်းခြင်းကို ခံခဲ့ရသည်။

ပွဲကစားချိန်မှာ ဂျူဗင်းတပ်အသင်းက ကစားကွက်စီးပြီး ကစားနိုင်သလို ဂိုးသွင်းခွင့်အခွင့်အရေးများလည်း ရရှိခဲ့သဖြင့် ပွဲချိန် ၃၄မိနစ်တွင် နက်ဗက်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး မကြာမီပွဲချိန် ၃၈ မိနစ်တွင် ထရက်ဇီဂေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ဂျူဗင်းတပ်က နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဂျူဗင်းတပ်အနိုင်ရ

ဒုတိယပိုင်းတွင် ဘရက်ရှားမှ စကူ လီ၊ မီလာနက်နှင့် ဘိုင်ယာရိတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးမရရှိသည့်အပြင် ပွဲချိန် ၆၉ မိနစ်တွင် ဂျူဗင်းတပ်မှ အီဘရာဟီမိုဗစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးချန်ပီယံ ၂၇ ကြိမ် ရရှိခဲ့သော ဂျူဗင်းတပ်အသင်းမှာ ယခုနှစ်၌ ချန်ပီယံသရဖူကို အေစီမီလန်တို့ လက်မှ အရယူရန်ကြိုးစားမည်ဟု ကြုံးဝါးထားရာ ပွဲဦးထွက် အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံခရီးအား အောင်မြင်မှုနှင့်အတူ စတင် ခြေလှမ်းပြီဖြစ်သည်။

ရိုးမားနှင့် ဖီအိုရင်တီးနား

ပြီးခဲ့သည့်နှစ် စီးရီးအေဘောလုံးရာသီတွင် ဒုတိယနှင့် ကျေနပ်ခဲ့ရသော ရိုးမားအသင်း ယခုနှစ်တွင် စီးရီးအေချန်ပီယံဖြစ်ရေးအတွက် လူသစ်များထပ်မံဖြည့်စွက်ထားရာ ချီယေးဗိုမှ ပါရော့တာ၊ ပါးမားမှ ဖာရာရီ၊ မာဆေးအသင်းမှ မီဒိုနှင့် လက်ချီအသင်းမှ ဘိုဗိုတို့ကို ခေါ်ယူအားဖြည့်ထားခဲ့ရာ ပွဲဦးထွက်အိမ်ကွင်း၌ အနိုင်ရအောင် မနည်းကြိုးစားကစားခဲ့ရသည်။

အိမ်ကွင်းရလဒ်ကောင်းသော ရိုးမားတို့ ပြီးခဲ့သည့်နှစ် အိမ်ကွင်း၌ ၁၇ပွဲကစားခဲ့ရာ ၁၃ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးထားသော မှတ်တမ်းရှိနေသော်လည်း အဝေးကွင်းရလဒ်မကောင်းသည့် ဖီအိုရင်တီးနားကို ပွတ်ကာသီကာဖြင့် အနိုင်ကစားခဲ့ရသည်။

ပွဲကစားရာတွင် အနိုင်ရလိုဇောကြောင့် အမှားရှိခဲ့ရာ ပွဲချိန်၃၁မိနစ်တွင် ကင်ဒီလာအဝါကတ်ပြခံရသလို ပွဲချိန် ၄၅မိနစ်တွင် ကာဆာနို အနီကတ်ပြအထုတ်ခံရသဖြင့် အိမ်ကွင်းတွင် ၁၀ဦးတည်းနှင့်ကစားခဲ့ရာမှ ပွဲချိန် ၅၃မိနစ်တွင် မွန်တဲလားက ရိုးမားအတွက်တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းပေးခဲ့သဖြင့် ရိုးမားတို့ အနိုင်ပွဲရပြီး ဣန္ဒြေမပျက်ခဲ့ရခြင်းဖြစ်သည်။

ယခုနှစ်မှ အတန်းတက်လာသော ဖီအိုရင်တီးနားကို အိမ်ကွင်း၌ အနိုင်ရအောင် ကြိုးစားကစားခဲ့ရသော ရိုးမားတို့မှာ ပွဲဦးထွက်အနိုင်ရရှိသော်လည်း ယခုခြေဖြင့် ချန်ပီယံဖြစ်ရန် မလွယ်ပေ။

ပါးမားနှင့်မက်ဆီနာ

ယခင်နှစ်စီးရီးအေ၌ အဆင့်ငါး ရရှိခဲ့သည့် ပါးမားအသင်းသည် ယခုနှစ်မှ အတန်းတက်လာသည့် မက်ဆီနာကို ဂိုးမရှိသရေကျအောင် ကစားခဲ့၍ နည်းပြကာလ်ဒီနီလည်း ပွဲဦးထွက် အိမ်ကွင်း၌ပင် ရလဒ်မကောင်းသဖြင့် ပြစ်တင်ဝေဖန်မှုများနှင့် ကြုံနေရပြီ ဖြစ်သည်။

ထိုးဖောက်

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ ရိုးမားနှင့် ဖီအိုရင်တီးနားတို့ပွဲတွင် ရိုးမားတိုက်စစ်မှူး တော့တီထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါးမားအသင်းတွင် ရိုဆီနာ၊ ဂီလာဒီနိုနှင့် မာချီရိုနီတို့ ပါဝင်ကစားခဲ့ပြီး လူစုံစွာ အင်အားပြကစားခဲ့သော်လည်းလူသစ်တန်း မက်ဆီနာကို သရေကျအောင်သာ မနည်းကြိုးပမ်းကစားခဲ့ရသည်။ ပါးမားအသင်း ပွဲစတင်ကစားသည်နှင့် အချိတ်အဆက်မိမိဖြင့် ကစားနိုင်ပြီး ကွင်းလယ်မှ ဘောလုံးဖြန့်ဝေပေးမှုများလည်း ထိရောက်ခဲ့သည်။သို့သော်ပါးမား တိုက်စစ်မှူးများက မက်ဆီနာ နောက်တန်းကို မကျော်နိုင်သည့်အပြင် ဂိုးသေချာပေါက်ရရှိမည့် အခွင့်အရေးများကို ပိုင်နိုင်စွာ အသုံးမချခဲ့ခြင်းကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

ယခုခြေစွမ်းနှင့် ပါးမားတို့စီးရီးအေချန်ပီယံဖြစ်ရန် လွယ်ကူမည်မဟုတ်ရာ အတန်းတက်လာသည့် အသင်းကိုပင် အသည်းအသန်ကန်နေရသဖြင့် အေစီမီလန်တို့ထံမှ ချန်ပီယံသရဖူကို ရယူရန်မလွယ်ကူသည့်အပြင် ယခင်နှစ်အဆင့်ကိုပင် ပြန်လည်ရရှိရန် ကြိုးစားရဦးမည်ဖြစ်သည်။

ကယ်ဂလီယာရီနှင့်ဘိုလော့ဂ်နာ

ယခုနှစ်မှ အတန်းတက်လာသည့် ကယ်ဂလီယာရီ၏ ဆင့်အီလီယာကွင်း၌ ကစားရသည်ဖြစ်ရာ ယခင်နှစ် စီးရီးအေ၌ အဆင့်၁၂ရှိခဲ့သော ဘိုလော့ဂ်နာတို့ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

ဘိုလော့ဂ်နာသည် ယခုနှစ်တွင် ဇာဂိုရာကစ်၊ ဒီအာနို၊ ကာပူရာဒို၊ ပက်ထရူဇီနှင့် ဗလန်တီတို့ကို အသစ်ခေါ်ယူအားဖြည့်ထားသော်လည်း အဝေးကွင်းရလဒ် မကောင်းသော ဘိုလော့ဂ်နာတို့ သမိုင်းမှတ်တမ်းကို ဆက်လက်ထိန်းသိမ်းသွားခဲ့ရသောပွဲဖြစ်သည်။

ပွဲစသည်နှင့် အိမ်ရှင်ကယ်ဂလီယာရီအသင်းမှ ဂလင်ဖရင်ကိုဇိုလာ၊ အီစပိုစတိုနှင့် ဂိုဘိုင်တို့က ရှေ့နောက်အတွဲညီညီ ထိုးဖောက်ကစားရာမှ ပွဲချိန်၁၉မိနစ်တွင် အီစပိုစီတိုက ကယ်ဂလီယာရီအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချေပဂိုး ပြန်လည်ရရှိရေးအတွက် ဘိုလော့ဂ်နာမှ အိုင်ဂလီတာရီ၊ ဘာလ်လူစီ၊ ကာရီရိုနာဗိုတို့ကြိုးစားတိုက်စစ်ဆင်ကစားသော်လည်း ချေပဂိုးပြန်မသွင်းနိုင်ခဲ့ပေ။

အမှတ်ပေးချန်ပီယံ ခုနစ်ကြိမ်ဖြစ်ခဲ့ဖူးပြီး ကိုပါအီတာလျံဖလား နှစ်ကြိမ်ရခဲ့ဖူးသော ဘိုလော့ဂ်နာတို့ ယခင်နှစ်ခြေစွမ်းပင် ပြန်မရခဲ့ရာမှ လူသစ်တန်း ကယ်ဂလီယာရီတို့၏ အိမ်ကွင်းတွင် အဖွင့်ပွဲစဉ်၌ အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အတ္တလန္တာနှင့်လက်ချီ

ယခင်နှစ်က စီးရီးအေ၌အဆင့်၁၀ ရှိခဲ့သော လက်ချီအသင်းသည် ယခုနှစ်မှ အတန်းတက်လာသော အတ္တလန္တာကို အတ္တလန္တာကွင်း အဇူရီဒီ အီတာလီရာ၌ နှစ်ဂိုးစီသရေကျခဲ့ရသည်။

ပွဲစသည်နှင့် အတ္တလန္တာတို့ တိုက်စစ်ဆင်ထိုးဖောက်ကစားရာမှ ပွဲချိန် နှစ်မိနစ်တွင် အတ္တလန္တာမှ တိုက်စစ်မှူး ပါဇီနီက တစ်ဂိုးသွင်းယူခဲ့ရာမှ လက်ချီမှ ဂီရာကိုမာဇီက ပွဲချိန်၁၀မိနစ်တွင် ပြန်လည်ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန်၅၁မိနစ်တွင် အတ္တလန္တာမှ လန်ဘာတီနီက တစ်ဂိုးသွင်းယူပြီး ပွဲချိန်၇၆မိနစ်တွင် လက်ချီမှ ဘိုချီနော့ကချေပဂိုးပြန်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေကျပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြရခြင်းဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ရုရှားမှကွတ်ဇ်နက်ဆိုဗာ ယူအက်စ်အိုးပင်းဖလားဆွတ်ခူး

ရုရှားမှကွတ်ဇ်နက်ဆိုဗာက တစ်နိုင်ငံတည်းမှ အယ်လီနာဒီမင်တီဗာအား အနိုင်ရပြီးနောက် ယူအက်စ် အိုးပင်းဖလားကို ဤသို့ဆွတ်ခူးသွားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

နယူးယောက် စက်တင်ဘာ ၁၂

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရုရှားနိုင်ငံမှ ဆဗက်လင်ဒါ ကွတ်ဇ်နက်ဆိုဗာသည် ယင်း၏ တစ်နိုင်ငံတည်းသူ အယ်လီနာဒီမင်တီဗာအား အနိုင်ရရှိကာ ယူအက်စ်အိုးပင်းဖလားကြီးကို ဆွတ်ခူးရယူသွားပြီဖြစ်သည်။

သူမသည် ဒီမင်တီဗာအား ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆုဖလားကို ရခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံမှ ကမ္ဘာ့နံပါတ်တစ်ဖြစ်သည့် ဂျနီဖာကက်ပရီယတီအား အယ်လီနာဒီမင်တီဗာကလည်းကောင်း၊ လင်ဆေးဒါဗင်ပို့အား ကွတ်ဇ်နက်ဆိုဗာကလည်းကောင်း အကြိုဗိုလ်လုပွဲတွင် ဖြုတ်ချခဲ့ကြသည်။

ယခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားနိုင်ငံသူနှစ်ဦး ဆုံတွေ့ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြင်သစ်လိဂ်ပွဲစဉ်(၅)ယှဉ်ပြိုင်ကစား ဘက်စတီးယားအသင်းထိပ်ဆုံးမှဦးဆောင်နေ

ပဲရစ် စက်တင်ဘာ ၁၃

ပြင်သစ်လိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၁၁ရက်က ကျင်းပခဲ့သည်။ ဘက်စတီးယားအသင်းသည် ၁၂မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေသည်။

ဘက်စတီးယားနှင့် အော်ဇာရီတို့ပွဲတွင် ဘက်စတီးယားက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ အနိုင်ဂိုးကို ၃၂မိနစ်တွင် အင်သာယာဟီယာက သွင်းပေးခဲ့သည်။

ကေအင်အသင်းနှင့်လန်းစ်အသင်းတို့ပွဲတွင် ကေအင်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ အနိုင်ဂိုးကို ဆီဗက်စတီရန်မာဘူရီက ၅၈မိနစ်တွင် သွင်းခဲ့သည်။

အစ်ထရက်စ်နှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက် တစ်ဂိုးစီဖြင့်သရေဖြစ်သွားခဲ့သည်။ အစ်ထရက်စ်အသင်းအတွက် ရာဖစ်စိုင်ဖီက သွင်းယူပေးပြီး ပီအက်စ်ဂျီအသင်းအတွက် ပက်ထရီပေါ်လက်တာက ၆၁မိနစ်တွင် သွင်းခဲ့သည်။

လီလ်အသင်းနှင့် နီစ်အသင်းတို့ပွဲတွင် လီလ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မက်ဇ်အသင်းနှင့်ဘော်ဒိုးတို့ပွဲတွင် တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းနိုင်ခြင်း မရှိပေ။ မိုနာကိုအသင်းနှင့် စထရာဘော့ဂ်အသင်းတို့ပွဲတွင် မိုနာကို အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ သွားခဲ့သည်။

မိုနာကိုအသင်းအတွက် အမ်မန်နျူရယ်အဒီ ဘောယာ၊ မိုဟာမက်ကယ်လွန်နှင့် ဆာဗီယိုလာတို့က သွင်းပေးခဲ့ပြီး စထရာဘော့ဂ်အသင်းအတွက် မိုက်ကယ်ပါဂျစ်က ချေပဂိုး တစ်ဂိုး သွင်းပေးခဲ့သည်။

စန့်အက်တီယန်အသင်းနှင့် နွမ့်စ်အသင်းတို့ တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ဘဲ ရှိခဲ့သည်။ တူးလုဒ်နှင့် အာယက်စီယိုတို့ပွဲတွင် တူးလုဒ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရိန်းစ်နှင့် လီယွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရိန်းစ်အသင်းက တစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ဆိုးချော့နှင့်မာဆေးအသင်းတို့ပွဲတွင် ဆိုးချော့က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ

စကော့တလန်လိဂ် ဆဲလ်တစ်ဇယားထိပ်ရောက်ရှိ

ဂလက်စ်ဂေါ့(စကော့တလန်) စက်တင်ဘာ ၁၃

စကော့တလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို စက်တင်ဘာ ၁၁ရက်က ကျင်းပခဲ့အပြီး ဆဲလ်တစ်အသင်းသည် ၁၅မှတ်ဖြင့်ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ထိုနေ့က ကစားခဲ့ကြသည့် အသင်းများ၏ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

ဆဲလ်တစ်	၃	-	၀	ဒန်ဒီး
ဒန်ဒီးယူနိုက်တက်	၁	-	၁	အဘာဒီးန်
ဒန်ဖာလိုင်း	၁	-	၁	မိုသာဝယ်
အင်ဗာနက်စီးတီး	၁	-	၂	ဟိုက်ဘာနီယန်
လက်ဗင်းစတုန်း	၀	-	၂	ကေလ်ဗာနော့
ဟတ်	၀	-	၀	ရိန်းဂျားစ်

အမ်အင်အေ၊ ရိုက်တာ

ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယကဖလားဘောလုံးပြိုင်ပွဲ စက်မှု(၁)အသင်းအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၆ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီး(အလွတ်တန်း) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ စက်မှု(၁)အသင်းက မာကျူရီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆု ရရှိသွားသော မာကျူရီအသင်းမှ မြင့်မြင့်အေးအား အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်က ဆုငွေကျပ် ငါးထောင် ပေးအပ်ချီးမြှင့်သည်။ အုပ်စု(ခ)တွင် စက်မှု(၁)၊ အား/ကာ သိပ္ပံနှင့် မာကျူရီတို့ပါဝင်ရာ စက်မှု(၁)အသင်းက တစ်ပွဲနိုင် သုံးမှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

စက်တင်ဘာ ၁၂ရက်က အုပ်စု(က)ပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပို့ဆောင်ရေးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက်အကောင်းဆုံးဆု ရရှိသွားသော ပို့ဆောင်ရေးအသင်းမှ ငြိမ်းငြိမ်းအိအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က ဆုငွေကျပ် ငါးထောင် ပေးအပ်ချီးမြှင့်သည်။

အုပ်စု(က)ပွဲစဉ်

စက်တင်ဘာ ၁၅ရက် ညနေ ၃နာရီတွင် မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ အုပ်စု(က) ဒုတိယပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ဒေါပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-
- (၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။
- (၂) ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-
- (၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။
- (၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆို ရမည်-
- (၁) အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီထိ။
- (၂) သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-
- (က) မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ။
- (ခ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
- (ဂ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
- (ဃ) တောင်ကြီးမြို့ သံလွင်ခန်းမ။
- (င) မော်လမြိုင်မြို့ ရွှေနတ်တောင် တပ်မတော် အထက။
- (စ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
- (ဆ) စစ်တွေမြို့ ဇမ္ဗူလခန်းမ။
- (ဇ) မုံရွာမြို့ အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
- (ဈ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
- (ည) ရန်ကုန်မြို့
  - (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
    - (ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။
    - (ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။
  - (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။
  - (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက (၂)မင်္ဂလာဒုံ။
- (ဋ) ပုသိမ်မြို့
  - (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
    - (ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။
    - (ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။
  - (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။
  - (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။
- (ဌ) မန္တလေးမြို့
  - (၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
    - (ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။
    - (ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း - အမက(၆)၊ နန်းတွင်း။
  - (၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။
  - (၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် နံ့အမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

မဟာသင်္ကြန်စာနှင့် ပြက္ခဒိန်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၃

၁၃၆၆-၁၃၆၇ခုနှစ် မန္တလေး မဟာသင်္ကြန်စာနှင့် ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။ မဟာသင်္ကြန်စာတွင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ပညာရှင်များက ရှေးမြန်မာ့အစဉ်အလာအတိုင်း ရိုးရာမပျက် တွက်ချက်ထားသော မဟာသင်္ကြန်ကျသည့် ရက်နေ့၊နာရီ၊မဟာသင်္ကြန်တက်မည့် ရက်နေ့၊နာရီများပါရှိသည်။ ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်နှင့်တကွ ကုသိုလ်ဒါနပြုကြရမည့် ရှေးထုံးအစဉ်အလာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ မြတ်မင်္ဂလာအခါတော်ပေး ဗေဒင်ပြက္ခဒိန်တွင် ရက်ရာဇာ၊ အမြိတ္တာစုတ်၊ ပြဿဒါးစသည်တို့ပါဝင်ပြီး ကျောင်းသားလူငယ်လူရွယ်များအတွက် ဘုရားရှိခိုး သီလယူမေတ္တာပို့နှင့် မင်္ဂလသုတ်၊မေတ္တသုတ်များကို အလွယ်တကူ နားလည်အောင် မြန်မာပြန်များနှင့်တကွ သိင်္ဂါလောဝါဒသုတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ ဒကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များ ပါမကျန် မြန်မာ့ရိုးရာ မြန်မာ့ဓလေ့စရိုက်များ ရှေးရိုးရာအစဉ်အလာအတိုင်း ထည့်သွင်း ဖော်ပြထားကြောင်းနှင့် ရန်ကုန် ဝင်းမာလာစာပေ အမှတ် ၁၂၈၊ ၃၁ လမ်း ဖုန်း-၅၁၁၃၁၁၊ ၂၄၈၁၂၈ နှင့် မန္တလေးထွန်းဦးစာပေတို့က ပြည်လုံးကျွတ် ဖြန့်ချိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်းမြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ တက္ကသိုလ်ဝင်တန်းခြောက်ဘာသာဂုဏ်ထူးရှင် မောင်ပိုင်စိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အေရိုးဗစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒိုင်းဖိတ်ခေါ်အေရိုးဗစ်ပြိုင်ပွဲကို စက်တင်ဘာနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်သဖြင့် ပြိုင်ပွဲဝင်လိုသော အသင်းများသည် စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး ဘဏ်လမ်း ကျောက်တံတားမြို့နယ်သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၀၅၀၇နှင့် ၅၅၄၁၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)

တာချီလိတ်ခရိုင်တရားရုံး၌

၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ်(၃)

ဒေါ်နန်းနွန်း **(တရားလို)** နှင့် ဒေါ်နန်းကောင်ခမ်း **(တရားပြိုင်)**

တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာနေ ဒေါ်နန်းနွန်းက (ယခု နေရပ်လိပ်စာမသိသူ) ဒေါ်နန်းကောင်ခမ်းအပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှုလျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုသည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာ၂၇ရက်(၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ် ၁၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **စိုးသိန်း(ခရိုင်တရားသူကြီး)**

နန္ဒာသိန်းဇံ

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

Y.E.S.
Basic Spoken English : SEP- 13,18,20,27
Pre-Intermediate English : SEP - 13,27,25
SAT (I) & Intermediate English : SEP - 1, 20
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION
Modern Furniture
(PAE, Supervision)
Wall Covering
44A (1)
Ph : 01-201121, 294864, 09-50-11443

Heart
BEACH CONCERT
CHAUNG THA
ကမ်းစပ်ကခြေရာများ(၁+၂)
HEART MUSIC EMPEROR
LAZY CLUB VCD (KARAOKE)
LIVE SHOW
MAKING VCD
EMPEROR, LAZY CLUB
NAWARATT, ENG
16. 9. 2004
VCD KARAOKE

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ကမ္ဘာ့ရှေးဦးပြုစုခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ကမ္ဘာ့ရှေးဦးပြုစုခြင်း အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာအေးငြိမ်းက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အကြောင်းကို ဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကချင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်ရေးကော်မတီသို့ လှူဒါန်းငွေကျပ် ငါးသိန်းကို တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေကလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှလှူဒါန်းငွေကျပ်ငါးသိန်း၊ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှလှူဒါန်းငွေကျပ်နှစ်သိန်း၊ ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီမှ လှူဒါန်းငွေကျပ် နှစ်သိန်းနှင့် တနိုင်းမြို့နယ် ရွှေဝါထွန်းစက်လှေအသင်းမှ လှူဒါန်းငွေကျပ်တစ်သိန်းတို့ကို ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းရာ ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး ဦးဂဲနက်စ်ကလက်ခံရယူသည်။

ဆုချီးမြှင့်

ဆက်လက်၍ ရှေးဦးသူနာပြုစုခြင်း(အခြေခံ) အဆင့်သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသူသင်တန်းသား တပ်ဖွဲ့ဝင်များအား လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ **(က-ပ)**

ဩဂုတ် ၂၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၆)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကလေး အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

အရှိရှပ်နာမ် အသိမှန်တရားတော် အသံလွှင့်

ရန်ကုန် စက်တင်ဘာ ၁၃

၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော်၁၄ရက် (စက်တင်ဘာ၁၃ရက်) တနင်္လာနေ့ နံနက် ၇နာရီနှင့် မွန်းတည့်၁၂နာရီတို့တွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးတိုင်း ငဖဲမြို့ ကန်လယ်မင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလက အရှိရှပ်နာမ် အသိမှန်တရားတော်ကို အသံလွှင့် ဟောကြားတော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ပညာသင်နှစ် တတိယသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၄-၁၁-၂၀၀၄ရက်မှ ၁၃-၁၁-၂၀၀၄ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၁၇-၁၁-၂၀၀၄ရက်မှ ၂၄-၁၁-၂၀၀၄ရက် အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေ တက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ ကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ကြရမည် ဖြစ်သည်။ ပထမနှစ် စီးပွားရေးအထူးပြု ကျောင်းသားများ သည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၄) ဒဂုံမြို့သစ် (မြောက်ပိုင်း)တို့၌လည်းကောင်း၊ ပထမနှစ် စီးပွားစီမံ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ် (မြောက်ပိုင်း)၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။ ကျန်ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုများအားလုံးသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေး အထူးပြုအားလုံး၏ ကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့် ဒုတိယနှစ်စီးပွားရေး အထူးပြု အားလုံး၏ ကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ် ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည် ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲ အသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်စီးပွားရေးပညာ အထူးပြု ကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ် ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံပညာ အထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စက်တင်ဘာ၁၀ရက်က စမ်းချောင်းမြို့နယ် အမက(၁၅) ဟုမ်းလမ်းတွင် 'ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်' နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းမြွေးနှင့် ပန်းလှိုင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တင့်တင့်တို့ဇာတ်ခုံပေါ်မှာ ဗီဒီယိုရိုက်ကူးပြသ၊ ယခုအပတ်ဗီဒီယိုဇာတ်ကား ၁၃ ကား ကြည့်ရန်ဖြင့်

မောင်ဆွေထွန်း

ရန်ကုန် စက်တင်ဘာ ၁၃

စက်တင်ဘာ၁၃ရက်မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကား တစ်ပတ်အတွင်း ဖြန့်ချိပြသမည်ဖြစ်သည်။ ထိုဇာတ်ကားများတွင် အငြိမ့်ခွင်ကို အပြည့်ရိုက်ကူးထားသော **'တင့်တင့်တို့ဇာတ်ခုံပေါ်မှာ'** ဗီဒီယိုဇာတ်ကား ပါဝင်သည်။

ဖြန့်ချိပြသမည့် ဇာတ်ကားများမှာ သုခမိန်ဗီဒီယိုမှ ဒါရိုက်တာမီးပွား ရိုက်ကူးပြီး လွင်မိုး၊ လှအဉ္ဇလီတင့်နှင့် အေးဝတ်ရည်သောင်းတို့ ပါဝင်သော **'ပျားကြောက်တဲ့ပန်းများ'** ဇာတ်ကား။ ဇမ္ဗူတာလူ ဗီဒီယိုမှ ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူးပြီး ကျော်သူ၊ ရာဇာနေဝင်း၊ ဇင်ဝိုင်းနှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **'အတ္တပင်လယ်'** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာမောင်နန္ဒ ရိုက်ကူးပြီး ခန့်စည်သူ၊ ထက်ထက်မိုးဦးနှင့် မိုးဒီတို့ပါဝင်သော **'တန်ဖိုး'** ဇာတ်ကား။

ရွှေမင်းသားဗီဒီယိုမှ ဒါရိုက်တာ မြင့်ကျော်ရိုက်ကူးပြီး မင်းသစ္စာ၊ ပိုင်သက်ကျော်နှင့် သင်းသင်းယုလှိုင်တို့ပါဝင်သော **'ဆုံးဖြတ်ချက်'** ဇာတ်ကား။ တက်လမ်း ဗီဒီယိုမှ ဒါရိုက်တာ အောင်ပိုင်ဟိန်းရိုက်ကူးပြီး အောင်ပိုင်၊ ကျော်ဝင်းထွဋ်နှင့် ဆုရည်နွယ်တို့ ပါဝင်သော**'နေထက်လင်းတဲ့လ'**ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှဒါရိုက်တာ မင်းနိုင်ရိုက်ကူးပြီး တင့်တင့်ထွန်း၊ ငြိမ်းချမ်း၊ ရှဲဒိုးနှင့် ကောင်းကျော်တို့ပါဝင်သော **'တင့်တင့်တို့ဇာတ်ခုံပေါ်မှာ(၂)'** ဇာတ်ကား။ စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ ဇော်ဆက်ရိုက်ကူးပြီး လူမင်း၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော **'ဆဋ္ဌမထပ်တတိယအခန်း'** ဇာတ်ကား။ ဇမ္ဗူတာလူဗီဒီယိုမှ ဒါရိုက်တာ ဟိန်းဇော်ရိုက်ကူးပြီး မင်းအုပ်စိုး၊ ထူးခြားနှင့် မြတ်ကေသီအောင်တို့ပါဝင်သော **'ဖိုးထင်'** ဇာတ်ကား။ ရွှေငယ်ငယ်ဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်းရိုက်ကူးပြီး ဇာနည်၊ စိုးမြတ်နန္ဒာနှင့် ငွေစင်သွန်းတို့ ပါဝင်သော **'ကဗျာသီတဲ့ကြိုး'** ဇာတ်ကား။ ဖိုးလပြည့်ဗီဒီယိုမှ ဒါရိုက်တာမြိုင်စစ်သူ ရိုက်ကူးပြီး ငြိမ်းချမ်း၊ ရှဲဒိုး၊ နေကျော်၊ ရွှေအိုးတို့ပါဝင်သော **'ဝမ်းသာလိုက်တာဗျာ'** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာမျိုးဇင်ကို ရိုက်ကူးပြီး ဧယျာ၊ ကျော်ခန့်နှင့် ယွန်းနဒီတို့ ပါဝင်သော **'တိုးပွားကြီး'**ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ ယွန်းရိုက်ကူးပြီး မင်းကို၊ နွဲ့ဒါလီလင်းတို့ပါဝင်သော **'ပင့်ကူနီသူရဲကောင်း'** ဇာတ်ကား။ ရန်အောင်ထွန်းဗီဒီယိုမှ ဒါရိုက်တာဝေလင်းရိုက်ကူးပြီး စိုင်းသီဟ၊ နော်ဇာလှိုင်တို့ပါဝင်သော **'ဘဝအငှားနဲ့လူ'**ဇာတ်ကားများ ဖြန့်ချိပြသမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဒါရိုက်တာ ဟိန်း ဇော် ၏ ဖိုးထင်ဇာတ်ကားမှ မင်းအုပ်စိုး ၏ သရုပ် ဆောင် ဟန်။



တင့်တင့်တို့ ဇာတ်ခုံပေါ်မှာ ဇာတ်ကားမှ တင့်တင့်ထွန်း၏ ဇာတ်မင်းသားလေးအဖြစ်ကဟန်။

ပင့်ကူနီ သူရဲကောင်းဇာတ်ကားမှ ပင့်ကူနီလူသား။

မော်ကျွန်းမြို့နယ်တွင် ပညာ့ဘဏ် စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၂

မော်လမြိုင်ကျွန်းမြို့နယ်ကျွန်းကြီးကျေးရွာအုပ်စုရွှေမုတ်ထုံးစံပြကျေးရွာ ပညာ့ဘဏ်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီက ရွှေမုတ်ထုံးစံပြကျေးရွာ ကျေးလက်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီး ဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်) နှင့် ကျွန်းကြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက အမျိုးသမီးကဏ္ဍတိုးတက်မြင့်မားရေးကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေးကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ရွှေမုတ်ထုံးစံပြကျေးရွာ ပညာ့ဘဏ်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်များက လှူဒါန်းသော စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးမြင့်အောင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များသို့ သုတ၊ ရသ စာအုပ် ၂၃၀၀ကို ဩဂုတ် ၃၀ရက်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်များ ကိုယ်စား တည၌ကျေးရွာဥက္ကဋ္ဌ ဦးအောင်တင်က လက်ခံရယူစဉ်။
(ခရိုင် ပြန်/ဆက်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

မြိုင်မြို့ ကျေးလက်ကျန်းမာရေးဌာနဖွင့်၊ အဆောက်အအုံသစ် ပေးအပ်လှူဒါန်း

မြိုင် စက်တင်ဘာ ၅

ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွှေပင်လယ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်ပွဲနှင့် အဆောက်အအုံသစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးကခရိုင်ဆေးရုံ အုပ်ကြီး ဒေါက်တာဌေးနှင့် ဆေးခန်း အလှူရှင် ဦးမြင့်မောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဌေးဦးက ကန်နီကျေးရွာသို့ သွားရောက်၍ ကန်နီကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်ဆေးရုံအုပ်ကြီး၊ ကန်နီကျေးရွာ ဆေးပေးခန်းအလှူရှင် ဒေါ်ဖွားမှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆေးခန်းအတွက် ဆေးပဒေသာပင် အလှူရှင်များဖြစ်ကြသည့် ကန်နီကျေးရွာ ဦးဘရီ–ဒေါ်ဖွားမှင်၊ ဦးထွန်းညွှန့်–ဒေါ်တင်အောင်၊ ဦးအောင်ရှင်း–ဒေါ်သန်းလှိုင်မိသားစုတို့က ငွေကျပ် ၅၀၀၀၀၊ ဦးအောင်ကြွယ်–ဒေါ်အေးဝင်းနှင့် ဦးကြည်ခိုင်–ဒေါ်စန်း မိသားစုတို့က ငွေကျပ် ၂၅၀၀၀နှင့် ကန်နီကျေးရွာစေတနာရှင်များက ငွေကျပ် ၁၂၁၅၀၀နှင့် မန်ကျီးလေးပင်ကျေးရွာ ပြည်သူများက ငွေကျပ် ၇၀၇၀၀၊ ခရိုင်ဥက္ကဋ္ဌက ငွေကျပ် ၁၅၀၀၀ နှင့် ခရိုင် စိုက်တိုးမြှင့်အဖွဲ့က ကျပ် ၁၀၀၀၀တို့ကို ဆေးပဒေသာပင်အဖြစ် လှူဒါန်းကြရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဌေးက လက်ခံရယူသည်။ **(အပေါ်ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

- ✳ **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။**
- ✳ **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကျောင်းဆောင်သစ် စုပေါင်းလှူဒါန်း

စက်တင်ဘာ၅ရက်က ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုမြို့ အမှတ် (၉၁) သစ်စက် မိသားစု အလှူရှင်များက စုပေါင်း လှူဒါန်းသော ဖဒိုညောင်ပိုင်း မူလ တန်းများ တိုးချဲ့ကျောင်းဆောင် သစ်ကို ရောင်း/စက် ဌာနမှူး ဦးထိန်ဝင်း၊ မန်နေဂျာ ဦးဇော်မြင့် နှင့် စက်ရုံမှူး ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(က–ပ)

တောင်တွင်းကြီးမြို့နယ် ကျန်းမာရေးဌာနခွဲဖွင့် သိမှတ်ဖွယ်ရာရှင်းလင်း

တောင်တွင်းကြီး စက်တင်ဘာ ၈

တောင်တွင်းကြီးမြို့နယ် ညာဂမိုးအုပ်စု၊ ဖျောက်ဆိပ်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက အဆိုပါ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်လှမြင့်က ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ကျန်းမာရေး ဌာနခွဲကို မကွေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်လှမြင့် နှင့် မြို့နယ်အတွင်းရေးမှူး ဦးမျိုးသန့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲဖွင့်လှစ်

ဆင်ဘို စက်တင်ဘာ ၄

ဆင်ဘိုမြို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက်က နယ်ခြားကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်နှင့် မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာကြီးတို့က အသီးသီးအမှာစကားပြောကြားကြပြီး ဦးချစ်လှိုင် (ရုပ်သံ–၃) စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းကို လည်းကောင်း၊ ဦးခယိကီးမောင်း (စာထောက်–၃)က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်တင်ဘာ ၁ ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဖုန်းလွင် ဦးဆောင်၍ ဝန်ထမ်းများ ပျိုးဥယျာဉ်အတွင်း မြို့ သာယာ လှပရေး အတွက် ပန်းအလှပင်များ ပျိုးထောင် စိုက်ပျိုးခြင်းအား စုပေါင်း ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)



ဩဂုတ် ၂၄ရက်က မင်းလှမြို့နယ် အင်ကြင်းကုန်း ကျေးရွာတောင်သူ ဦးတင်အုန်း လယ်မြေတွင် မြို့နယ်အတွင်းရေးမှူး ဦးမြကျော်၊ ခရိုင် ငါးလုပ်ငန်းဦးစီးအရာရှိ ဦးထွန်းဝင်းမြင့်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးအောင်ဆန်းဝင်းတို့က ရွှေဝါငါးကြင်း၊ တီလားဗီးယားနှင့် ငါးခုံးမကြီး စသည့် ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ စိုက်ထည့် မွေးမြူကြစဉ်။
(က–ပ)

ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။



မကွေးမြို့ ဂုဏ်တောကျောင်းဝင်း အတွင်း စက်ရေတွင်းတူးဖော်မှုကို မကွေးမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၇၁-၂၁၀၀၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၃၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မောင်တောမြို့နယ်တွင် ဖွင့်ပွဲကျင်းပ

မောင်တော စက်တင်ဘာ ၈

မောင်တောမြို့၌ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(မြို့နယ်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် ည ၇ နာရီခွဲက မောင်တောမြို့ သီရိမင်္ဂလာခန်းမတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က ပြိုင်ပွဲစီမံခန့်ခွဲရေး ကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြအောင်က ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မောင်တောခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမြအောင်တို့က ပြိုင်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် သုံးဆယ်-ဖိုးခေါင်လမ်း အရှည်ပေ ၁၆၂၀ ဂဝံခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၈ရက်က အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးအောင်မြတ်ကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် သုံးခွကျွန်းနေပြည်သူများ ရာသီမရွေးသွားလာနိုင်ရေးအတွက် ခနောင်ထော်ကျေးရွာမှ ပံတပွတ် ကျေးရွာအထိ ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ကျောက်များ စက်ယန္တရားဖြင့် ကျောက်ခွဲခြင်းလုပ်ငန်းကို ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် တိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးကျော်မင်းသန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဝေါမြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးစောရွှေ၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်အောင်ဌေးနှင့်အဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ဩဂုတ် ၂၈ရက်က ရွှေဘုံသာလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ကိုင်းပင်၊မြက်ပင်နှင့် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့်နုန်းမြေများ ဆယ်တင်ခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့ ရန်ကုန်-ပြည်လမ်းတွင်ဥယျာဉ်မြို့တော် တည်ဆောက်ရေး စီမံချက်အရ မြို့နယ် စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အရိပ်ရပင်နှင့် ပန်းအလှပင်များကို ကန်ပေါင် ပေါ်တွင် စုပေါင်း စိုက်ပျိုးကြရာ မြို့နယ် စည်ပင်သာယာအမှုဆောင် အရာရှိ ဦးမျိုးအောင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွယ်နွယ်ယဉ် နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန့်ဇင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၀၄၀)

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

မိုးညှင်း စက်တင်ဘာ ၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံရှေ့ရှိ လမ်းဘေး ဝဲယာတစ်လျှောက်တွင် ဩဂုတ် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွန်းကြီးနှင့် ဝန်ထမ်းများ ပန်းအလှပင်များအား စုပေါင်းစိုက်ပျိုးကြရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းက စိုက်ပျိုးမှုကို ကြီးကြပ်ဆောင်ရွက်သည်။ **(မြို့နယ်စည်ပင်)**



ရောင်းရန်

၁။ မြစ်တွင်းလူစီးနှစ်ထပ်ရေယာဉ်။

အလျားပေ ၂၀၀ Xအနံ ၃၂ ပေ Xဧောက် ၇ ပေခွဲ၊ သံခွံ(စက်မဲ့)

၂။ မြစ်တွင်းကုန်တင်ရေယာဉ်။

အလျား ၁၀၅ပေ X အနံပေ၂၀ X ဧောက် ၇ ပေ၊

အင်ဂျင်နှစ်လုံး၊ ပြုပြင်ပြီးအသင့်သုံး။

ကြော်ငြာပါသည့်နေ့မှစ၍ တစ်လအတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများ အောက်ပါလိပ်စာသို့ ဆက်သွယ် နိုင်ပါသည်။

ဆက်သွယ်ရန် – ၁၆၃၀/ဘီ၊ ရှုခင်းသာဆိပ်ကမ်း၊
ရှုခင်းသာမြို့ပတ်လမ်း၊ သာကေတမြို့နယ်။

ဖုန်း– ၀၁–၇၀၆၃၁၁၊ ၀၁–၇၀၇၂၈၈ (ရုံးချိန်အတွင်း)

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် စ/၄၂၈၂ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ–၃၇၃)
ကချင်ပြည်နယ်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၃

ဒေါ်ပုလေး လျှောက်ထားသူ

ကွယ်လွန်သူ ဦးခင်မောင်ညွန့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့၊ အမှတ်(၄/၄၇) မြို့မတောင်ရပ်နေ ဒေါ်ပုလေးက ကွယ်လွန်သူဦးခင်မောင်ညွန့်၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါနေရပ်နေ ၎င်းကွယ်လွန်သူဦးခင်မောင်ညွန့်မှ ကျန်ရှိရစ်သော မိုးညှင်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်လုပ်ငန်းဌာန/ငွေစာရင်းအမှတ်(အက်စ်အင်န်–၅၃၂) ဖြင့်ငွေကျပ်၂၈၁၀၉၇၅/၇၅ပြား (နှစ်ဆယ့်ရှစ်သိန်းတစ်သောင်းကိုးရာခုနစ်ဆယ့်ငါးနှင့် ခုနစ်ဆယ်ငါးပြား) တိတိကို ထုတ်ယူနိုင်ရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုရုံးတော်လျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းမှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဦးခင်မောင်ညွန့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူဒေါ်ပုလေး၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ် ရသင့်၊ မရသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကြွယ်ကြွယ်(တ/၁၆၁၃)
တွဲဖက်ပြည်နယ်တရားသူကြီး၊ ကချင်ပြည်နယ်တရားရုံး။

ဒဂုံတက္ကသိုလ်
(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာ/ သိပ္ပံ(ဘွဲ့)၊ (၁၉၉၉) စနစ်သစ်၊ စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အစီအစဉ်
(၉–၁၀–၂၀၀၄)ရက် စနေနေ့ နံနက်ပိုင်း

ဝိဇ္ဇာဘွဲ့ – မြန်မာစာ၊ အင်္ဂလိပ်စာ၊ English for Occupational Purposes ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ၊

သိပ္ပံဘွဲ့ – ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ Biotechnology ရုက္ခဗေဒ၊ Environmental Studies ၊ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊

အစမ်းလေ့ကျင့်ရန် – ၈–၁၀–၂၀၀၄ ရက် သောကြာနေ့ နံနက် ၉း၀၀ နာရီ။

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံ ငှားရမ်းခွင့် ထောက်ခံစာကို ၁–၁၀–၂၀၀၄ ရက်နေ့မှစ၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

လှမြင့် (မော်ကွန်းထိန်း)
ဒဂုံတက္ကသိုလ်။

ဖခင်အမည်မှန်

ပဲခူးတိုင်း ညောင်လေးပင်မြို့ အထက(၂) အဋ္ဌမတန်း (C) မှ မောင်အောင်လင်းသူ၏ ဖခင် အမည်မှန်မှာ ဦးစိုးသိန်း ဖြစ်ပါကြောင်း။

အမည်ပြောင်း

စစ်တွေမြို့နေ အဖ ဦးခင်ကျော်၏သား စစ်တွေ အထက(၂) နဝမတန်း(A)မှ ဇော်မျိုးထူး(ခ)မျိုးမင်းအောင်ကို ပြည့်ဖြိုးဟိန်းဟု ခေါ်ပါရန်။ **မောင်ပြည့်ဖြိုးဟိန်း။**

ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာစခန်း၊ တိုက်အမှတ်–၁၅၊ အခန်းအမှတ်–၂၄ သည် ဒေါ်ကြည်ကြည်(ကွယ်လွန်)အမည်ဖြင့် အငှားချထားပေးခဲ့ခြင်းဖြစ်ပြီး ယင်းအခန်းအား ခင်ပွန်းဖြစ်သော ဗိုလ်မှူးအောင်သန့်ဇင်(ငြိမ်း) အမျိုးသားမှတ်ပုံတင် အမှတ် ၁၂ / ဒဂန (နိုင်) ၀၁၈၃၃၆ မှ အိမ်ခန်း ဦးစီးအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ဆက်ခံပိုင်ခွင့်ရှိသူများမှကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ခိုင်လုံသောအထောက်အထားများ ပူးတွဲတင်ပြပြီး ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ခ/၆၁၈၃ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

အမြန်ပြန်လာပါ

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် စိန်ခြယ်လမ်း အမှတ်(၂၉)နေ ကိုဇင်ဘို၏ဇနီး မငြိမ်းငြိမ်းအိသည် ခင်ပွန်းမသိမီ နေအိမ်မှ ထွက်သွားပါသဖြင့် ရောက်ရာအရပ်က အမြန်ပြန်လာပါ။ လက်ခံထားသူအား အရေးယူမည်။ တွေ့ရှိက အကြောင်းကြားပါ။

ကိုဇင်ဘို
ဖုန်း–၅၄၈၆၄၁၊ ၅၄၁၉၉၆။

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်မြင့် ၁၂/တမန(နိုင်)၀၅၆၀၀၀၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် ကျောက်မြောင်းလမ်း၊ အမှတ် ၇၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် မြေပိုင်ရှင် ဦးအောင်မြင့်၊ ဦးလှမြင့်နှင့် ဒေါ်စောရီတို့က ကန်ထရိုက်တာနှင့် နှစ်ခန်းတွဲ ရှစ်ထပ်တိုက်ဆောက်လုပ်ခဲ့ရာ မြေရှင်များက ခြေရင်းဘက်အခြမ်းရှိ တိုက်ခန်းရှစ်ခန်း ရရှိခဲ့ပါသည်။ ယင်းအခန်းများမှာ မြေရှင် သုံးဦးပူးတွဲပိုင်ဆိုင်ပါသဖြင့် ဦးအောင်မြင့်၏ သဘောတူညီချက်မရှိဘဲ မည်သူမျှရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ခွင့် မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးသန်းညွန့် ဦးညွန့်လှိုင်
စဉ်–၃၄၁၉ စဉ်–၁၉၃၆
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အထွေထွေကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်းကြေညာခြင်း

ဒေါ်ယဉ်ယဉ်တင့်(အမ်တီအေ–၁၆၇၈၃၄)အား လှရတနာ ဓာတ်ပုံတိုက် ဦးဝဏ္ဏသိဒ္ဓိ (ဦးလူတင့်)မှ လွှဲအပ်ထားသော ကိုယ်စားလှယ်အဖြစ် ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါသည်။

ဦးဝဏ္ဏသိဒ္ဓိ (ဦးလူတင့်)
DV–၀၀၅၅၃၈။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်လှ (၇၇)နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးကျော်စံမြင့်၏ဇနီး ဒေါ်ခင်လှ(အသက်၇၇နှစ်)သည် ၁၂–၉–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဂေါပကအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ၊**
ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး။



ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးဆွေ–ဒေါ်မီမီသက် စိန်ဟင်းရတနာရွှေဆိုင်နှင့်စတိုး(ပဲခူး) တို့၏မိခင် ဒေါ်ရွှေကျင်ရှန်(ဒေါ်ပင်စီ)သည် ၉–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အန်တီဖိန်း၊ အန်တီနွန်း၊
ဦးလေးစိုး မိသားစု၊
လားရှိုး။

ဒုတိယဗိုလ်မှူးကြီးဘငွေး (ငြိမ်း) ကြည်း(၆၈၅၁)၊ ဗိုလ်သင်တန်းအပတ်စဉ်–၁၁ လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်) (မြောင်းမြမြို့)
အသက်(၈၀)

အိမ်မဲမြို့နယ်၊ မရမ်းပင်ကျေးရွာနေ (ဦးဘိုးဝန်–ဒေါ်တင်မေ)တို့၏သား၊ ဦးခင်မောင်–ဒေါ်တင့်မေတို့၏အစ်ကို၊ ခြံအမှတ် ၆၆၀(ခ)၊ ၉ လမ်း(တောင်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်တုတ်၏ခင်ပွန်း၊ ဒေါ်ခင်ငွေးဦး(အလက–၄၊အင်းစိန်)၊ ဦးခင်မောင်ငွေး (ဒုညွှန်မှူး၊ အင်/ယာ၊ စည်ပင်ဦးစီးဌာန)–ဒေါ်စန္ဒီလွင်၊ ရဲမှူးကြီးတင်မောင်ငွေး(ညွှန်မှူး၊မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဗဟို)–ဒေါ်တင်တင်ရွှေ၊ ဒေါက်တာစန်းအောင်၊ ဦးခင်မောင်ထွေး–ဒေါ်ခင်ဝင်းကျော်၊ ဒေါ်စုစုမာ(လဝကရုံးချုပ်)၊ ဦးထွန်းအောင်ကျော်တို့၏ဖခင်၊ မခင်ပြည့်စုံလှိုင်(1st M.B၊ဆေး–၁)၊ မောင်ကောင်းဝေဖြိုး၊ မောင်ဉာဏ်ဖြိုးလင်း၊ မယမုံဖူးမွန်၊ မောင်ထွဋ်မြတ်လင်း၊ မခိုင်တင်ဇာငွေး၊ မသဉ္ဇာဖူးမွန်တို့၏အဘိုးသည် ၁၃–၉–၂၀၀၄ရက် ည ၇း၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း Pa. Vungh Za Sing ဒုအရာခံဗိုလ်(ငြိမ်း)
အသက်(၆၅)နှစ်

ချင်းပြည်နယ်(မြောက်ပိုင်း)၊ တီးတိန်မြို့နယ်၊ Laai Tui ကျေးရွာနေ (Pu Vungh Khaw Pau–Pi Dim Vung)တို့၏ဆဌမမြောက်သား၊ (Pa Thuam Kam–Nu Ning Do Kim)တို့၏သားသမက်၊ (Pa Lian Za Thang–Nu Vungh Za Dim), (Nu Am Khaw Niang–Pa Thawng Khaw Nang), (Pa Pau Za En–Nu Cing Don Ciang), (Pa Nang Khaw Gin–Nu Cin Khaw Awi), Pa Cing Za Langh–Nu Zo Do Cing တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ Nu Ning Za Gin–Dr. Sian Za Kam (ပြည်နယ်ကျန်းမာရေးဦးစီးမှူး၊ငြိမ်း)၊ Saya Kam Khan Suan–Nu Ciang Lian Cing တို့၏အစ်ကို၊ မိတ္ထီလာမြို့၊ ထီလာဦးအမှတ် ၁၄၊ အောင်ဇေယျာရပ်ကွပ်နေ Nu Ciang Khan Gin ၏ခင်ပွန်း၊ Lia Vung Khan Niang (မူအုပ်၊ မိတ္ထီလာမြို့)၊ Pastor Pau Hoih Lian (အေဂျီသင်းအုပ်ဆရာ မိတ္ထီလာမြို့)၊ Lia Kim Ngaih Vung(လတလ၊မုံရွာမြို့)၊ Lia Kam Sian Cing(သူနာပြုဆရာမ၊ရန်ကုန်)၊ Tang Thang Mun Mang(G.T.I, B.Sc, Physics)တို့၏ဖခင်ကြီးသည် ၁၂–၉–၂၀၀၄ရက် ညနေ ၄း၄၅ နာရီ၌ အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် မိတ္ထီလာမြို့ အေဂျီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်ဟိန်းထက်အောင်
အသက်(၈)လ

ရန်ကုန်မြို့၊အမှတ် ၁၅၆၊ ၃၁လမ်း (မြေညီထပ်)၊ ပန်းဘဲတန်းမြို့နယ်နေ ဦးကျော်လင်း–ဒေါ်ရင်ကြည်တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ ၄၄ လမ်း (မြေညီထပ်)၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်မြင့် – ဒေါ်ပြုံးသွယ်ခိုင်တို့၏ သားထွေး၊မမြင့်မြတ်ရတနာခိုင်(အထက–၁၊ ဒဂုံ၊ K-G, E)၏မောင်၊ ဦးအောင်ဆွေ၊ ဒေါ်သန္တာ၊ မစပယ်တို့၏တူသည် ၁၃–၉–၂၀၀၄ရက်တွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်ဟိန်းထက်အောင်
အသက်(၈)လ

ရန်ကုန်မြို့နေ ဦးကျော်လင်း–ဒေါ်ရင်ကြည်၊ ဦးမိုးကုတ်–ဒေါ်ခင်လှိုင်တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ် ၂၀၊ ၄၄လမ်း (မြေညီထပ်)၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်မြင့် – ဒေါ်ပြုံးသွယ်ခိုင်တို့၏ သား၊ မမြင့်မြတ်ရတနာခိုင်(အထက–၁၊ ဒဂုံ၊ K-G, E)၏မောင်သည် ၁၃–၉–၂၀၀၄ရက်တွင် ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

Francis Kong (ခ) ဦးကိုကလေး
အသက်(၈၄)နှစ်

ဒိုမိနစ်အမင်း–ဒေါ်စောသုံထေးတို့၏သား၊ Dr.မြင့်မြင့်ရီ (Irene)–Dr. ဝင်းလှိုင် (Maurice)၊ Dr.လှဒင် (Andrew)–မချို၊ မောင်စန်းမောင် (Ronnie)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၁၀–၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈–၉–၂၀၀၄ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်ညွှန့်ဖေ(ခ) ကိုမောင်(ခ)မောင်မောင် (ဖားအောက်ရွာ)
အသက်(၅၃)နှစ်

မွန်ပြည်နယ်၊ ဖားအောက်ရွာနေ (ဦးသောင်းဖေ – ဒေါ်လှကြည်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၂၀၉/၃၅၊ မဂ္ဂင်လမ်းနေ (ဦးမြင့်ခိုင်)–ဒေါ်သန်းရွှဲ၊ ဦးရွှေ၊ ဒေါ်လှခိုင်၊ ဒေါ်ကြည်ကြည်မြတို့၏မောင်၊ ဦးအောင်မျိုးခိုင်၊ မငယ်၊ဦးမိုးကျော်နိုင်(ဒု/ဦးစီး၊ မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ မောင်တင်မောင်ဦးတို့၏ ဦးလေးသည် ၁၂–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးခင် ကညန(ရုံးချုပ်)
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ ဇမ္ဗူမဏ္ဍိုင်လမ်း၊ အမှတ် ၁၇ နေ (ဦးဘစု–ဒေါ်ညွှန့်စိန်) တို့၏သား၊ ဦးစိန်ဝင်း–ဒေါ်စန်းစန်း၊ (ဦးတင်အုန်း)–ဒေါ်မြအေး၊ ဦးဝင်းမောင် (ကညန)–ဒေါ်အေးလေးတို့၏ ညီ/မောင်၊ ဒေါ်သန်းအေး၊ ဦးသန်းထွန်းဦး (Tမူလီလုပ်ငန်း) – ဒေါ်ခင်စန်းတို့၏ အစ်ကိုသည် ၁၂–၉–၂၀၀၄ရက် ည ၇ နာရီတွင် စံပြဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်စံပြဆေးရုံအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်အေး
အသက်(၄၀)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကင်းတဲကျေးရွာနေ ဦးမောင်မြတင်–ဒေါ်မေမြအောင်တို့၏သမီး၊ ဦးမောင်ငွေတင် – ဒေါ်တင်တင်မေတို့၏ ညီမ၊ ဦးမောင်တင်ရွှေ–ဒေါ်ကြည်ကြည်ထွေး၊ မောင်တင်လှိုင် (ခ) မောင်ညီလေးတို့၏ အစ်မ၊ ဦးချစ်စိန်–ဒေါ်မသန်းရှင်တို့၏ တူမ၊ဦးတင်မောင်၏ဇနီးသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) ည ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ (ထုံးကြီး)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပဒုမ္မာလမ်း၊ အခန်းအမှတ် ၁၊ တိုက်နံပါတ် ၄ နေ ဦးဘိုးပေ၏ချစ်ဇနီး၊ ဦးအေးငွေ (အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးချုပ်)၏မိခင်၊ ဦးချစ်ဖေ–ဒေါ်မှုံတို့၏သမီး၊ ဒေါ်တင်တင်အေး၊ ဒေါ်စုစု၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်သိန်းကြည်၊ ဦးအောင်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်ကြည်ကြည်အုန်း၊ ဦးအေးနိုင်–ဒေါ်ရီရီလွင်၊ ဦးကြည်စိုး–ဒေါ်ဘေဘီ၊ ဦးမြသိန်း–ဒေါ်ခင်စန်းရီ၊ ဦးသံဒိုင်–ဒေါ်ခင်မာဝင်း၊ ဦးတင်အေး–ဒေါ်တိုးကြည်၊ ဦးသန်းထွန်း–ဒေါ်ခင်နှင်းရီ၊ ဦးဝင်းမြင့်–ဒေါ်ခင်ဝေဝေ၊ ဦးသန်းနိုင်–ဒေါ်ချောချောတို့၏ချစ်လှစွာသောအန်တီ၊ မြေး ၄၅ယောက်၊ မြစ် ၁၄ယောက်တို့၏အဘွား ဒေါ်မြမြသည် ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၄း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ ရက် ၁၅–၉–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တင်အေး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၄(က)နေ (ဝဏ္ဏကျော်ထင် ဦးဘအုန်း၊ STB)၏ဇနီး၊ ဒေါ်ခင်အေးကြည်၊ ဦးလှမြင့်–ဒေါ်စန်းစန်းခိုင်၊ ပါမောက္ခ ဒေါ်ခင်မေအုန်း(ဆေး–၂၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါ်ခင်ဆွေအုန်း(MAC)၊ (ဦးသန်းငွေးအုန်း)–ဒေါ်ဆွေဆွေဟန်၊ ဒေါ်ခင်ကြူကြူအုန်း၊ ဦးကျော်စိုး(အကောက်ခွန်)–ဒေါ်ခင်ချိုအုန်း၊ ဦးဆန်းထွေးအုန်း(ကျန်း/စီမံကိန်း)–ဒေါ်ငွေးငွေးရီတို့၏မိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ရွှေမြ (စစ်တွေမြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၂၊ မကြီးကြီးလမ်းနေ (ဦးကျော်ထွန်းအောင်) (R.E.O) – (ဒေါ်မမြ) တို့၏သမီး၊ အမှတ် ၄၃၈၊ ၁၅ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးအောင်ကျော်ဖုံ)၏ဇနီး၊ (ဒေါ်ဦးမြသူ)၊ (ဦးအောင်ကျော်မြ)–ဒေါ်တင်လှ၊ (ဒေါ်လှမြသိန်း)၊ ဒေါ်သန္တာ၊ (ဦးအောင်မြသာ)၊ (ဦးမောင်ထွန်းသာ)တို့၏ညီမ၊ ဒေါ်အေးခိုင်ဖုံ၊ ဦးထွန်းအောင်ကျော်–ဒေါ်ခင်ဆွေ၊ ဒေါ်သာနှင်းအေးတို့၏ အစ်မသည် ၁၃–၉–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်ဖေ (ဗဟန်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၄၁ နေ (ဦးနီ–ဒေါ်နှင်းနု)တို့၏သား၊ (ဦးရေး)–ဒေါ်စိန်လှိုင်၊ (ဦးတင်အောင်)–ဒေါ်ဝိုင်းစိန်တို့၏မောင်၊ ဒေါ်ကြည်ကြည်ငွေး၊ ဦးစန်းငွေ–ဒေါ်တင်တင်ရီ၊ ဒေါ်မြင့်မြင့်လှိုင်တို့၏အစ်ကို၊ မောင်အေးကျော်၊ မသန်းသန်းနု၊ မခင်မြရီ၊ မောင်မိုးကျော်–မတင်တင်ထွေး၊ မောင်အောင်ကျော်ထူး၊ မောင်မောင်နိုင် – မအေးအေးခိုင်တို့၏ ဦးလေး၊ မောင်ရဲမင်းဟိန်း(အမက–၁၊ ဒဂုံ)၊ မအေးမွန်သက်တို့၏ဦးလေးသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းအေး (ကုန်သည်လမ်း၊စာပေဗိမာန်)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆၃(က)၊ စပယ်ခြံ ၃ လမ်း၊ လှိုင်မြို့နယ်နေ ဦးထွန်းမောင် – ဒေါ်မြိုင်တို့၏ သား၊ အောင်ဆန်း(ပုံနှိပ်စက်ရုံဝင်း)နေ ဒေါ်ခင်သန်းဆင့်(GTC)၏ခင်ပွန်း၊ ဦးသန်းငွေး–ဒေါ်စန်းရီ၊ ဦးခင်မောင်ဝင်း–ဒေါ်မာလာအေး၊ဦးစံမောင်–ဒေါ်စန်းစန်းဝင်း၊ ဦးမောင်မောင်သွင်–ဒေါ်သန်းသန်းအေးတို့၏ညီ၊ ဒေါ်တင်တင်လှိုင် (PPE၊ ရုံးချုပ်)၊ ဦးမောင်မောင်လွင်–ဒေါ်ဝင်းနီလာ၊ ဒေါ်ခိုင်ခိုင်(ကညန)တို့၏အစ်ကို၊ မမေမီလင်း (IX-A ၊ အထက–၃၊ အင်းစိန်)၊မောင်သော်တာအောင်(VIII-A၊ အထက–၃၊ အင်းစိန်)၊ မဇာနည်လင်း(IV အမက–၂၈)တို့၏ဖခင်သည် ၁၂–၉–၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင့်ဆွေ B.Sc, (Chem) (လှဝေဝေဓာတ်ပုံတိုက်)
အသက်(၅၀)

တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၁၁ နေ (ဦးလှဝေ)–ဒေါ်သန်းကျင်တို့၏သားကြီး၊ဒေါက်တာဝင်းမြင့်–ဒေါက်တာဝင်းဝင်းကြည်တို့၏ မောင်၊ ဦးတင့်အောင်–ဒေါ်ခင်နှင်းယု၊ ဦးအောင်သင်းမောင်–မမိုးပပအောင်တို့၏အစ်ကို၊ ဒေါ်မွှေးမွှေး(ခ)ရှုမီ၏ခင်ပွန်း၊ မဖြူနှင်းဝေ(ဒုနှစ်၊ ဓာတုဗေဒ)၊ မောင်သီဟအောင်(၁၀တန်း၊ အထက–၃၊ တာမွေ) တို့၏ဖခင်သည် ၁၃–၉–၂၀၀၄ရက် နံနက် ၉း၄၅ နာရီတွင် နားနှာခေါင်း၊ လည်ချောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး ဒေါ်မြင့်မြင့်အေး B.Sc, (Zoo) အထက–၂၊ဒဂုံ မြို့မကျောင်းသားဟောင်းများအသင်းဝင်
အသက်(၄၆)နှစ်

ဒုအရာခံဗိုလ်မြင့်ဆွေ(ငြိမ်း)–ဒေါ်အေးရင်တို့၏သမီးကြီး၊ ဦးမောင်ချစ်–ဒေါ်သောင်းကြည်တို့၏ သမီးချွေးမ၊ ဒုတပ်ကြပ်သုခ၏ဇနီး၊ ဒုအရာခံဗိုလ်တင်အောင်–ဒေါ်မော်လီအေး၊ တကကစိုးနိုင်–ဒေါ်ကြူထွေးစိုး၊ ဒေါ်သီသီအေး (ကကဌေ)၊ ဒုအရာခံဗိုလ်မြတ်သူ–ဒေါ်ခင်မကြီး၊ ဒေါ်ခင်မမလေးတို့၏အစ်မကြီး၊ မောင်ထက်ကိုကိုနိုင်၏မိခင်သည် ၁၃–၉–၂၀၀၄ရက် ဝ၃း၂၅ နာရီတွင် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါ၍ ၁၅–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်တင်ထွန်းလင်း(ခ)နေဇော် နောက်ဆုံးနှစ်(သင်္ချာ) အဝေးသင်တက္ကသိုလ်
အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၇၆(ငါးလွှာ)နေ ဦးညီညီ (M.T.M)–ဒေါ်ခင်သန်းဝင်း (အော်ပိုတယ်လီဖုန်း၊ဆသရ၊ငြိမ်း)တို့၏ သားကြီး၊ မထက်မွန်အောင်၏အစ်ကိုသည် ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ဝဝး၂ဝနာရီတွင် ဗဟိုရဲစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈–၉–၂၀၀၄ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ နံနက် ၇ နာရီမှ ၁၂ နာရီအထိ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်တင်အေး
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၃၄(က)နေ (ဝဏ္ဏကျော်ထင် ဦးဘအုန်း၊ STB)၏ဇနီး၊ ကိုဘိုဘိုမြင့်၊ ကိုမင်းဇော်–မခင်ကြေးမုံမြင့်၊ ကိုကျော်စွာမြင့်–မထိုက်သူဇာ၊ ကိုနိုင်မင်းဦး–မမီမီသန်းငွေး၊မခင်ဝတ်မှုံမြင့်၊ မအေးသင်ဇာသန်းငွေး၊ မောင်နိုင်လင်းသန်းငွေး၊ မဝေမွန်စိုး၊ မသက်နွယ်စိုး၊ မဖြူနှင်းအိ၊ မောင်စည်သူဟန်၊ မယုမွန်ထွေး၊ မောင်ဖြိုးမင်းထွေးတို့၏အဘွား၊ ခင်စံမိုနိုင်၊ ဟန်ထူးဇော်၊ Tiffany မြင့်တို့၏ ဘွားဘွားကြီးသည် ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမြေး၊မြစ်များ။

ဦးတင်မောင်အေး (အုတ်ဖို) ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုစီမံကိန်းဦးစီးဌာန
အသက်(၈၁)နှစ်

(ဦးဘိုးထင်–ဒေါ်ရွက်)တို့၏သား၊ (ဦးတင်မောင်–ဒေါ်တင်တင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉) ရပ်ကွက်၊စည်ပင်လမ်း၊အိမ်အမှတ် ၆၁၅ နေ ဒေါ်မြဇင်၏ခင်ပွန်း၊(ဦးမောင်မောင်) (ဒေါ်ဖွားရှင်)၊ (ဦးလှအောင်)–ဒေါ်ခင်ခင်မော်၊ (ဦးတင်မောင်ညွှန့်) (ဒေါ်တင်ရွှေ)တို့၏ညီ/မောင်၊ (ဒေါ်ခင်ခင်ရီ)၊ (ဗိုလ်မှူးကြီးတင်မောင်မြင့်၊ ငြိမ်း)–ဒေါ်သန်းသန်းမြင့်၊ (ဗိုလ်ကြီးတင်လှထွန်း၊ ငြိမ်း)–ဒေါ်လွင်မြင့်၊ (ဒုတိယဗိုလ်မှူးကြီးမောင်ထူး၊ ငြိမ်း)–ဒေါ်ခင်ခင်လှတို့၏ အစ်ကို၊ ဦးအောင်ကျော်ဦး–ဒေါ်ကြည်ကြည်မြင့်၊ ဦးအေးချို–ဒေါ်မာမာကြူ၊ ဦးညီညီမြတ် – ဒေါက်တာအေးအေးဝင်း (ဆေး–၁)၊ ဦးဟိန်းစိုး–ဒေါ်သဇင်အေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ရွှေမြ (စစ်တွေမြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၄၃၈၊ ၁၅ လမ်း၊ (၃)ရပ်ကွက်နေ (ဦးအောင်ကျော်ဖုံ)ဇနီး၊ ဒေါ်လှသူဇာ (အထက–၂၊တောင်ဥက္ကလာပ)၊ ဦးသန်းငွေး(စက်ရုံမှူး၊ Lucky Star)၊ ဒေါ်လှသီတာ(စက်ရုံမှူး၊ သဃ်န်းကျွန်း အထည်စက်ရုံ၊ အမှတ်–၁၅) – ဦးကျော်ညွှန့် (အောင်နဒီကုမ္ပဏီ)၊ ဦးသာထွန်းအောင်၊ ဒေါ်နီလာယဉ်တို့၏မိခင်၊ မဟန်သီညွှန့် (ပထမနှစ်၊ စီးပွားရေး)၊ မောင်ကျော်မရ (အထက–၂၊ ကမာရွတ်)၊ မောင်မြတ်ထက်ခန့်(အထက–၂၊ကမာရွတ်)၊ မောင်ကင်းဝဏ်(ရန်ကင်း၊ T.T.C)၊ မသုသုသာ(ရန်ကင်း T.T.C)တို့၏အဘောင်ရှင်သည် ၁၃–၉–၂၀၀၄ရက် နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးတင်ရီ (တိုင်းကျန်းမာ၊ ငြိမ်း၊ ပဲခူး)
အသက်(၆၂)နှစ်

ပဲခူးမြို့နေ (ဦးစံလှ–ဒေါ်သိန်း)တို့၏ သား၊ သနပ်ပင်မြို့နေ (ဦးစံတင်–ဒေါ်သန်းညွှန့်)တို့၏သားသမက်၊ သနပ်ပင်မြို့နေ ဦးကျက်ကူ – (ဒေါ်ကျင်မြ)၊ (ဦးကျင်သိန်း)၊ (ဦးကြီးစိန်)–ဒေါ်အေးခိုင်တို့၏ညီ/မောင်၊ ပဲခူးမြို့၊ မြို့သစ်(င)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၆၉၆ နေ ကိုပြည့်စုံ–မနွယ်နီဝင်း၊မတင်နွယ်ရီ (ဒုလက်ထောက်ဦးစီးမှူး၊ ဝမော်၊ ပုစွန်သားဖောက်စခန်း)၊ မလဲ့လဲ့ရီ (တိုင်းကျန်းမာ၊ ပဲခူး)တို့၏ဖခင်၊ မောင်သီဟဟိန်း၊ မောင်ဇေယျာဟိန်းတို့၏အဘိုး၊ ဒေါ်စန်းရီ၏ခင်ပွန်းသည် ၁၂–၉–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင်အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ ရာသက်ပန်ကျိုက်ထိုအသင်းဝင် ဒေါ်ရင်ကြည် (ကျိုက်ထို)
အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၇၃(ခ)နေ (ဦးသိန်းဖုံ–ဒေါ်အုံးမေ)တို့၏သမီး၊ (ဦးသိန်းဟံ)၏ဇနီး၊ (ဦးကြည်လွင်)–ဒေါ်တင်တင်ငွေး၊ ဦးတင်ထွန်း–ဒေါ်ခင်စန်းတင့်၊ ဦးဝင်းကြည်–(ဒေါ်မြမြ)၊ ဦးသိန်းရွှေ၊ ဦးစိန်ဝင်း–ဒေါ်ခင်မျိုး၊ ဦးငွေးလွင်၊ ဦးထွန်းအေးတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၉–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး ဦးစောအောင် (ရသေ့တောင်မြို့) (ဦးစီးအရာရှိ၊ ထွေ/အုပ်၊ငြိမ်း၊ ကျောက်တံတားမြို့နယ်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ တိုက်အမှတ် ၄၊ အခန်း ၅၀၂ နေ ဒေါ်ငွေငွေ၏ခင်ပွန်း၊ ဦးစောညွှန့်(1/E Miraco Shipping Co., Ltd.)–ဒေါ်ခင်စောဝင်း၊ (ဦးကျော်စိန်ညွှန့်)–ဒေါ်ဝင်းဝင်းရီ(ထွေ/အုပ်)၊ ဦးလှမောင်သိန်း–မနုနုရီ၊ ဦးအောင်ဝင်း (Civil Engineer)–ဒေါ်သီတာဦး (လဝက)၊ ဦးသာဝင်း(E/E Ocean Tankers Shipping Co.,Ltd.)–ဒေါ်စောခင်အောင် (စီးပွားရေးဦးပိုင်)၊ ဦးစောလှဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃–၉–၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဖေဝင်း ကျောင်းအုပ်ကြီး(ငြိမ်း) အထက(၁)ဗိုလ်တထောင်
အသက်(၆၂)နှစ်

သထုံမြို့နေ(ဦးသာညွှန်–ဒေါ်မြခင်)တို့၏သား၊ ၂၄၅/၂၊ ၃၅ လမ်း၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း–ဒေါ်အေးရှမ်း)တို့၏သားသမက်၊ တိုက် ၉၊ အခန်း ၂၀၃၊ ၉ လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်တင်တင်လှ (အထက–၂၊ တောင်ဒဂုံ)၏ခင်ပွန်း၊ ဦးဝင်းဖေဝင်း(စက်မှု–၁၊ စားကုန်)–ဒေါ်ဝင်းဝင်းဖြူ(အထက–၂၊ သာကေတ)၊ ဒေါ်သဲနုအေး (မြဝတီရပ်/သံ)တို့၏ဖခင်၊မချောပြည့်ပြည့်ဝင်း၏အဘိုးသည် ၁၁–၉–၂၀၀၄ရက် ည ၁၁း၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝဏ္ဏလှကျော်(ကိုစု) (B.Sc, 2nd Year; Bot)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၃၉၁/၃၉၂၊ ပုသိမ်ညွှန့် ၉ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ မြို့နယ်ပညာရေးမှူးဟောင်း၊ အငြိမ်းစားကျောင်းအုပ်ကြီးဦးလှကျော်–ဒေါ်တင်ညွှန့်(မြသီတာစာပေတိုက်)တို့၏ သား၊ ဦးကျော်စံမြင့် (လ/ထ၊ တိုင်းပညာရေးမှူး၊ ငြိမ်း)–(ဒေါ်ခင်လှ)တို့၏ သားသမက်၊ မမြသီတာကျော်(ခေတ္တ–ဂျပန်)၊ ကိုထူးထူးလှိုင် – ဒေါက်တာခင်ဥမ္မာကျော်(အရှေ့ပိုင်းဆေးရုံ၊ရန်ကုန်မြို့)၊ကိုသူရလှကျော်(ခေတ္တ–ဂျပန်)တို့၏ ညီ/မောင်၊ မလှမြင့်သူ(မသူ) (မင်္ဂလာမွန်ဈေး)၏ခင်ပွန်း၊ ယွန်းမြတ်မိုးသူ၏ ဖခင်၊ မောင်ဇေယျာဘိုဘိုထူး(စတုတ္ထတန်း–B၊ အလက–၁၊ ဒဂုံ)၏ဦးလေးသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ဒွေး (ညောင်ဦး၊ တက်မ)
အသက်(၉၁)နှစ်

ညောင်ဦးမြို့နယ်၊ တက်မရွာနေ (ဦးကောင်း)၏ဇနီး၊ဦးဆိုးကျော်–ဒေါ်သီ၊ ဦးကျော်ဗလ–ဒေါ်ဝိုင်း၊ ဦးအေးဆောင်–ဒေါ်ကြည်မြင့်၊ ဦးတင်ထွန်း–ဒေါ်ဝင်း၊ ဦးမိုးကောင်း–ဒေါ်ခင်မာအေးတို့၏မိခင်၊ မြေး ၂၉ ယောက်တို့၏အဘွား၊ မြစ်၂၅ ယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးလတ် (သုံးခွ)
အသက်(၈၀)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အမှတ် ၁၇၊ ဇောတိကလမ်း၊ (၆)ရပ်ကွက်နေ (ဦးရာမွန်း–ဒေါ်ဖွားသက်)တို့၏ သား၊ (ဦးလှမောင် – ဒေါ်သင်)တို့၏ သားသမက်၊ ဒေါ်သန်း၏ခင်ပွန်း၊ ဦးမြင့်ဇော် (တရားရုံးချုပ်ရှေ့နေ၊ သုံးခွ)–ဒေါ်ခင်အေးကြူ(အမက–၃၊ သုံးခွ)၊ ဦးတင်စိုး–ဒေါ်ခင်အေးမူ၊ ဒေါ်ဖြူဖြူ (အမက၊ ကံမြင့်)၊ ဒေါ်သီသီပြုံး (အထက–၁၊ ခရမ်း)၊ ဦးမျိုးမြင့်အောင်–ဒေါ်မင်းမင်းစန်း၊ မခိုင်ခိုင်လတ် (B.Sc., Zoo)၊ ကိုဇော်မျိုး၊ ကိုဇော်ဝင်း၊ မမော်မော်လတ် (B.Sc .,Chem)၊ ကိုဟိန်းလတ်ထွေး (Golden Arrow Agency)–မကြူကြူစန်း၊ ကိုလှမြင့်အောင် (B.A., Law, T.A.S Co.,Ltd.)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၂–၉–၂၀၀၄ရက် ည ၈ နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အနောက်ဘက်ကမ်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်သောင်းတင် (လဝက၊ ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉ နေ (ဒေါ်စိန်)၏မြေး၊ [ဦးဘိုးတန်(ခ)ဦးဘညွှန့်–ဒေါ်သန်း]တို့၏သမီး၊ ဦးအုန်းမြင့်၊ ဦးသိန်းဟန်တို့၏ညီမ၊ (ဦးသိန်းအောင်)၏ဇနီး၊ ဒေါ်ခင်ခင်ဦး(မြန်မာ့လျှပ်စစ်၊ ရန်ကုန်တိုင်း)၊ ဒေါ်တင်တင်ဦး(ဆလကစီမံကိန်းအထူး–၃၊ စတို)၊ ဦးမောင်မောင်မြင့်(တက်နေမင်း Construction and Engineering Group.) – ဒေါ်ဦးယဉ် (အလက–၄၊ရန်ကင်း)၊ မောင်ဇေယျမင်းတို့၏မိခင်၊ မဝင်းရွှေရည်ထက် (အထက–၄၊ တာမွေ)၊ မအိဖူးပိုင်တို့၏ဘွားဘွားကြီးသည် ၁၂–၉–၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ ကိုအောင်ကျော်စိုး (စမ်းချောင်း)
အသက်(၃၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် ၂၆ နေ (ဦးသော်)–ဒေါ်ငွေသန်းတို့၏မြေး၊ ဦးစိုးဝင်း–ဒေါ်ဆွေဆွေဝင်းတို့၏တူ၊ ဦးသန်းရွှေ–ဒေါ်အေးမြင့်(အောင်အထည်ဆိုင် D-ရုံ၊ သိမ်ကြီးဈေး)တို့၏သား၊ ဦးအောင်မောင်း – ဒေါ်မြင့်မြင့်စန်းတို့၏ သားသမက်၊ကိုကျော်မြသိန်း–မသင်းသင်းရွှေတို့၏အစ်ကို၊မသက်သက်လွင်၏ခင်ပွန်း၊ မောင်ဇေယျာမျိုး (Grade III-B၊ အထက–၂၊ကမာရွတ်)၏ဖခင်၊ မမြတ်မွန်သင်း၏ဘကြီးသည် ၁၂–၉–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်မှုများအရ

ရေရှားသောအပူပိုင်းဒေသများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ချမှတ်ဖော်ဆောင်လျက်ရှိ ရေလှောင်တမံများ၊ မြစ်ရေတင်စခန်းများကြောင့် ခြောက်သွေ့ဒေသအစိမ်းရောင်ထစပြုလာ သောက်သုံးရေအတွက် ကြောင့်ကြမှုကင်းဝေးသည်နှင့်အမျှ ကျေးလက်ပြည်သူများ အလုပ်ပိုလုပ်နိုင်မည်

ရန်ကုန်   စက်တင်ဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ✡

ကမ္ဘာတစ်လွှား ထူး ထူး ခြား ခြား

Ever Note နည်းပညာ

Ever Note နည်းပညာအား ဆဲလ်ဖုန်းများနှင့် မိုဘိုင်းလ်ကွန်ပျူတာများတွင်ထည့်သွင်း အသုံးပြုထားရာစက်တင်ဘာ ၁၀ ရက်က ဆန်ဒီဂိုမြို့၌ကျင်းပသော ဒီမို မိုဘိုင်းလ်နည်းပညာပြပွဲ၌ ပြသခဲ့သည်။ Ever Note သည် အင်တာနက်တွင်ရှိသော မှတ်စုများနှင့် အချက်အလက်များအားလုံးကို မိုဘိုင်းလ်ဖုန်းများ၊ သို့မဟုတ် ကွန်ပျူတာများသို့ လွှဲပြောင်းယူနိုင်သည်။ **(ဓာတ်ပုံ-အင်တာနက်)**

ပန်းများဖြင့် ပုံဖော်ချီတက်လှည့်လည်ပွဲ

ကိုလံဘီယာနိုင်ငံ မက်ဒယ်လ်လင်မြို့တွင် နှစ်စဉ် ပန်းပွဲတော်ကို ခင်းကျင်းလေ့ရှိသည်။ ပန်းစိုက်ပျိုးသူများ ၎င်းတို့၏ ပန်းများကို ပုံအမျိုးမျိုး ဖော်ကာ ချီတက်ပြသကြရာတွင် ပန်းပေါင်း ထောင်နှင့် သောင်းနှင့်ချီပြီး အသုံးပြုကာ လိုရာပုံကို ဖော်ပြပြီးချီတက်ကြသည်။ **(ဝဲပုံ)**

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း

❒ နိုင်ငံတော်က စနစ်တကျဖြည့်ဆည်းဆောင်ရွက်ခဲ့၍ အချိန်တိုကာလအတွင်း နယ်စပ်ဒေသများသည် မြို့ကြီးများနှင့်မခြား သွက်လက်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ခေါင်းကြီး(စာ-၂)

❒ ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ဘယ်လိုပင် ပိတ်ဆို့အရေးယူသော်လဲ လက်ရှိ သုံးပွင့်ဆိုင် တုပြိုင်ပေါ်ထွန်းနေတဲ့ ကမ္ဘာ့အရင်းရှင်စနစ်ကြီးက တွဲခေါ်သွားမှာသာဖြစ်ပါတယ်။ ကမ္ဘာတွင် အမေရိကန်ရှေ့ဆောင်တဲ့အုပ်စုရယ်၊ဥရောပသမဂ္ဂဝင်နိုင်ငံများအုပ်စုရယ်၊ ဂျပန်၊တောင်ကိုရီးယား၊တရုတ်၊အာဆီယံနိုင်ငံများအုပ်စုရယ်လို့ သုံးပွင့်ဆိုင် အရင်းရှင်အုပ်စုကြီးသုံးစု ပေါ်ထွန်းရပ်တည်လာနေပြီဖြစ်ပါတယ်။ အောင်မိုးစံ ၏ "**အလားအလာကောင်းများဖြစ်ထွန်းနေသော မြန်မာ့စီးပွားရေးအခြေအနေ**" ဆောင်းပါး(စာ-၃)

❒ အကျဉ်းသားများအားနှိပ်စက်မှုဖြင့် ခုံရုံးတင်ခံရသော ကန်တပ်ဖွဲ့ဝင် ပြစ်မှုနစ်မှုတွင် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆို။ နိုင်ငံတကာသတင်း(စာ-၄)

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၁၅ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲကို ပဲခူးတိုင်းတွင် ကျင်းပရာ သနပ်ပင်မြို့နယ် သိမ်ရိုးတံတားမှ တာလွှတ်ရန်ပြင်ဆင်နေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံ့ဂုဏ်ဆောင် အားကစားလူရည်ချွန်များ ထွက်ပေါ်ရေး ၁၅ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲ ပဲခူးနှင့်ပြည်မြို့၌ စတင်ကျင်းပ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန်   စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၁၅ကီလိုမီတာ (အမျိုးသား၊ အမျိုးသမီး) တာဝေးအပြေးပြိုင်ပွဲကို ပဲခူးတိုင်း ပဲခူးမြို့၊ ပြည်မြို့နှင့် မန္တလေးတိုင်း မန္တလေးမြို့တို့တွင် ယမန်နေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာဖြင့် တစ်ပြိုင်တည်းကျင်းပသွားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■